# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၆) ရက် ၊ စနေနေ့ ၊ (30-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၃၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

စာမျက်နှာ - ၁၆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း ယေဘုယျအားဖြင့် GDP အရ တိုးတက်မှုရှိခဲ့သည်ကို တွေ့ရကြောင်း၊ ခြုံငုံသုံးသပ်ကြည့်ပါက နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်ခန့်မှစ၍ နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ကြောင်း၊ စာမျက်နှာ ၁၈ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၃၀ ရက်
အယ်ဒီတာ့အာဘော်

# စာဖတ်ခြင်းဖြင့် ဘဝကိုတန်ဖိုးမြှင့်တင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာနှင့် တွေးခေါ် မြော်မြင်နိုင်စွမ်းမြင့်မားရန် အလွန်အရေးကြီးလှပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဘက်စုံပညာရေးစနစ်နှင့် စာမတတ်သူပပျောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ ခေတ်စနစ်နှင့်အညီ တွေးခေါ် မြော်မြင်မှုများ တိုးတက်လာရန် စာအုပ်စာပေများကို ဖတ်ရှုလေ့လာကြရန် လိုအပ်ပေသည်။

ခေတ်အဆက်ဆက်တွင်လည်း စာတတ်သူနှင့်စာဖတ်သူများသာ ဘဝကိုအဆင့်အတန်းမြင့်မြင့် ဖြတ်သန်းကြရစမြဲဖြစ်သည်။ စာတတ်မြောက်မှုနှင့်စာပေဖတ်ရှုမှုအကျိုးသည် တစ်ဦးချင်းအကျိုးရှိရုံသာမက စာပေကိုတန်ဖိုးထားသော လူမျိုးများရှိရာ တိုင်းပြည်သည်လည်း ကမ္ဘာ့အလယ်တွင် တိုးတက်မှုအမြင့်ဆုံးရောက်ရှိမည်ဖြစ်သည်။ ထို့ကြောင့် စာအုပ်စာပေများသည် လူ့မိတ်ဆွေများအဖြစ် လူအများက အသိအမှတ်ပြုကြခြင်းပင်ဖြစ်သည်။

ယနေ့ကာလ နွေရာသီကျောင်းပိတ်ရက်ရှည်အတွင်း ကျောင်းသူ၊ ကျောင်းသားလူငယ်မောင်မယ်များ အချိန်ကုန်အကျိုးရှိစေရန်အတွက် ယဉ်ကျေးလိမ္မာ၊ အားကစား၊ အသိပညာ၊ အတတ်ပညာ သင်တန်းများ တက်ရောက်သင့်သည့်နည်းတူ စာအုပ်စာပေများကိုလည်း နေ့စဉ်အချိန်ပေး၍ ဖတ်ရှုစေသင့်ပါသည်။ များသောအားဖြင့် လူငယ်မောင်မယ်အရွယ်များသည် စာဖတ်ပျင်းလေ့ရှိကြသည်။ ထို့ကြောင့် ဘဝတိုးတက်ရေးအတွက် စာဖတ်ခြင်းကိုအလေ့အထတစ်ခုအဖြစ် ဆောင်ရွက်သင့်လှပါသည်။ သုတ၊ ရသစာပေအထွေထွေတို့၏ကျေးဇူးကြောင့် လူငယ်မောင်မယ်များတွင် အတွေးအမြင်၊ ဗဟုသုတကြွယ်ဝလာကဲ့သို့ ကိုယ်ချင်းစာစိတ်ဖြင့် နှလုံးလှသူများလည်းဖြစ်လာပေမည်။ ထို့ပြင်မကဘဲ လူ့အဖွဲ့အစည်းကိုအကျိုးပြုမည့် ဉာဏဗလနှင့်ပြည့်စုံထူးချွန်သူ နိုင်ငံသည်းချာရတနာများဖြစ်လာပေမည်။

စာတတ်သူ၊ စာဖတ်သူများသည် မိမိဘဝနှင့် မိသားစု၊ မိမိလူမျိုးနှင့်နိုင်ငံတော်ကို ချမ်းသာကြွယ်ဝ အဆင့်မြင့်မားစေရန်၊ တိုးတက်ကြီးပွားစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ အခြေခံပညာအဆင့် လူငယ်မောင်မယ်များကအစပြု၍ စာဖတ်ခြင်းအလေ့အထကို အချိန်ရွှေ့လျားမှု၊ ခေတ်ပေါ် ဖျော်ဖြေမှုများနှင့် လူမှုကွန်ရက်များကြောင့် ပျောက်ကွယ်ခြင်းမရှိစေရန်၊ စာဖတ်ဝါသနာထုံမွမ်းပြီး ရေရှည်တည်တံ့ရှင်သန်စေရန် မိဘအုပ်ထိန်းသူများက စံနမူနာပြထိန်းကျောင်း ကြပ်မတ်ပေးသင့်ပါသည်။

စာတတ်မြောက်ပြီး စာဖတ်နေသူများသည် စာပေ၏ကျေးဇူးဖြင့် အသိဉာဏ်ကိုအခြေပြု၍ အသိပညာ၊ အတတ်ပညာများကို အမြင့်မားဆုံးအဆင့်အထိရောက်အောင်၊ တတ်အောင် အားထုတ်ဆည်းပူးနိုင်ခွင့်ရှိပါသည်။ ထိုသို့ အသိဉာဏ်မြင့်မားသည်နှင့်အမျှ အစွမ်းသတ္တိပိုမိုထက်မြက်ပြီး အများအတွက် အကျိုးပြုနိုင်သည့် နယ်ပယ်သည်လည်း ပိုမိုကျယ်ပြန့်ကြီးမားလာမည်ဖြစ်သည့်အပြင် ဘဝတန်ဖိုးမြင့်မားနေပြီး နေ့ရက်တိုင်းကို သာယာလှပစွာဖြတ်သန်းနိုင်မည်ပင်ဖြစ်ပါသည်။ ဘဝကိုအောင်မြင်တိုးတက်စေရန်၊ ပညာပြည့်ဝနလုံးလှစေရန်အတွက် နေ့စဉ်စာဖတ်ခြင်းဖြင့် မိမိဘဝတန်ဖိုးကို မြှင့်တင်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင်တွင် နွေစပါးဧက ၃၃၈၀၀ ကျော် စိုက်ပျိုးပြီးစီး



**မန္တလေး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင်တွင် နွေစပါးဧက ၃၃၈၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီး ခရိုင် ၁၀ ခရိုင်တွင် ယခုနှစ်နွေစပါးစိုက်ရာသီ၌ နွေစပါးဧက ၈၈၉၀၀ ကျော်လျာထား၍ ဖေဖော်ဝါရီလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါးဧက ၃၃၈၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးသည့်မျိုးများအနေဖြင့် မနောသုခ၊ရွှေသွယ်ရင်၊ GW 11 စသည့် အထွက်ကောင်းမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

"နွေစပါးစိုက်ပျိုးတဲ့ အပေါ်မှာ တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့မျိုးကောင်းမျိုးသန့်တွေ ရရှိဖို့အတွက် ချိတ်ဆက်စီစဉ် ဆောင်ရွက်ပေးပါတယ်။ သဘာဝမြေသြဇာနဲ့ ဓာတ်မြေသြဇာရောနှောပေါင်းစပ်တဲ့ နည်းပညာတွေကိုလဲ ပညာပေးလုပ်ငန်းအနေနဲ့ ဆောင်ရွက်ပေးနေပါတယ်။မန္တလေးတိုင်းဒေသကြီးအတွင်းမှာ နွေစပါးစိုက်ဧကတွေကို တောင်သူတွေအနေနဲ့ စိုက်ပျိုးကြရာမှာ ဆည်ရေသောက်စနစ်နဲ့ စိုက်ပျိုးတာတွေ၊ မြစ်ရေတင်စနစ်နဲ့ စိုက်ပျိုးတာတွေ၊ မြေအောက်ရေစနစ်နဲ့ စိုက်ပျိုးတာတွေရှိပါတယ်။ နွေစပါးစိုက်ဧကတွေကို မြေလကုန်အပြီးစိုက်သွားမှာပါ"ဟု ဦးတိုးမင်းက ပြောပြသည်။

ထိုသို့ နွေစပါးစိုက်ပျိုးသွားမည့်ဧကများမှာ ကျောက်ဆည်ခရိုင်တွင် ၂၁၆၉ ဧက၊ ညောင်ဦးခရိုင်တွင် ၂၁၂၄ ဧက၊ တံတားဦးခရိုင်တွင် ၁၁၅၅ ဧက၊ မဟာအောင်မြေခရိုင်တွင် ၆၉ ဧက၊ မိတ္ထီလာခရိုင်တွင် ၅၅၆ ဧက၊ မြင်းခြံခရိုင်တွင် ဧက ၂၁၅၀၊ရမည်းသင်းခရိုင်တွင် ဧက ၂၀၂၀၊သပိတ်ကျင်းခရိုင်တွင် ၈၀၈၃ ဧက၊ အမရပူရခရိုင်တွင် ၇၃၇၆ ဧက၊ အောင်မြေသာစံခရိုင်တွင် ၆၃၂၄၇ ဧကတို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မတ် ၂၉**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် ဂရန်မြေ၊ဘိုးဘပိုင်မြေ၊ပါမစ်မြေ၊ စလစ်မြေအမျိုးမျိုးအနက် အမည်ပေါက်ဂရန်မြေများမှာ လူစိတ်ဝင်စားမှု များနေဆဲဖြစ်သောကြောင့် ဈေးနှုန်းများလည်းမြင့်တက်နေပြီး ယခုလပိုင်းအတွင်း ငွေကျပ် သိန်းသောင်းကြီးပိုင်းများထိ အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

အိမ်ခြံမြေဈေးကွက်အတွင်း ဂရန်မြေများ ပို၍စိတ်ဝင်စားမှုများလာပြီး အမည်ပေါက်ဂရန်မြေများ ဝယ်ယူမှုများရှိလာကြောင်း၊ထို့အတူ စလစ်မြေများကိုလည်း စိတ်ဝင်စားမှုမြင့်တက်လာသဖြင့် အိမ်ခြံမြေဈေးကွက် ပြန်လည်လှုပ်ခတ်စပြုလာကြောင်း သိရသည်။

"အိမ်ခြံမြေဈေးကွက်ထဲကို တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူတွေ ဦးလှည့်လာကြတာကိုတွေ့ရတယ်။ အဲဒီလိုတွေကြောင့် အလှုပ်အခတ်တွေ များနေတာပေါ့။ ဈေးတွေကလဲ တစ်ရက်နဲ့တစ်ရက်မတူဘူး။ ဒီနေ့ ဒီဈေးပြောထားပေမဲ့ နောက်နေ့ အဲဒီဈေးရချင်မှရတော့မယ်။ ဈေးတွေကမငြိမ်ဘူး။ အခု ဈေးကွက်က ပေါက်ဈေးစနစ်ထက် ရောင်းသူစိတ်ကြိုက် ခေါ်ဈေးဖြစ်နေတယ်"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးညိုအေးက ပြောပြသည်။

အင်္ဂါးဈေးကွက်တွင်လည်း လူနေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန် ကောင်းမွန်သည့် အဆောက်အအုံပါနေရာများ၊ ဈေး၊ ကျောင်းနှင့်နီးသော ရပ်ကွက်များ၌ ပို၍ငှားရမ်းကြကြောင်း၊ ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၇၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း ဦးညိုအေးထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်မှထွက်ရှိသည့် ဂျုံများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး မတ် ၂၉**

မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ဂျုံများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှ အရည်အသွေးကောင်းမွန်သည့်ဂျုံများ ပြန်လည်ဝင်ရောက်လာကြောင်း၊ ၎င်းဂျုံများကို မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှု ယခင်ကထက်ပိုမိုများပြားလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်းမှာ ရှမ်းပြည်နယ်ဘက်ကနေ အရည်အသွေးကောင်းမွန်တဲ့ ဂျုံတွေ တောင်ကြီးမြို့အပြင် အခြားမြို့တွေကပါ မှာယူမှုပြန်ပြီးများလာတယ်။ ရှမ်းပြည်နယ်ဘက်က ဂျုံတွေ မှာယူမှုပြန်ပြီးများပြားလာတာကြောင့် ဂျုံအရောင်းအဝယ်ပြန်ကောင်းလာပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း မတ် ၂၈ ရက် ပေါက်ဈေးအရ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ဂျုံများ ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေးဈေးကွက်အတွင်း တောင်သာ၊ ငါန်းဇွန်၊ မြို့သာ၊ မြင်းမူနှင့် မြောင်ဘက်မှ ထွက်ရှိသည့်ဂျုံများ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀၊ ကလေးဘက်မှထွက်ရှိ သည့်ဂျုံများ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ထိပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖုန်း - ၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရေးမြို့နယ် အစင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ရေး မတ် ၂၉**

မွန်ပြည်နယ် ရေးခရိုင် ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အစင်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်၊ ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇညား နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ အစင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးကျေးရွာရေရရှိရေးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

ရေးမြို့နယ် အစင်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိသော စက်ရေတွင်း (တွင်းတိမ်)တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့်ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ 2HP Motor နှင့် Compressor အတွက် လိုအပ်သော အရှည်ပေ ၁၅၀ရှိ ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်း၊ အရှည်ပေ ၃၀၀၀ ရှိ ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၁ ဒသမ ၂၈ သန်းအသုံးပြုပြီး ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၉ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် အစင်းကျေးရွာရှိ အိမ်ခြေ ၂၄၀၀ မှ လူ ၁၈၁၁၁ ဦး သန့်ရှင်းသော သောက်သုံးရေကို ရရှိနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်လွင်က ပြောပြ၍ သိရသည်။ **ချိုလေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်အုန်းမြိုင်မိသားစုက ဦးသာအေး-အေးရည်စုး၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး-ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေး၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မော်လိုက်ခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းများတွင် ၁၃၂၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မော်လိုက် မတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းများတွင် ၁၃၂၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းများကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၃၂၆ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၁ ဒသမ ၄၉ တင်း ထွက်ရှိကြောင်း သိရသည်။

"မော်လိုက်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နှမ်း ၁၄၇၃ ဧက စိုက်ပျိုးထားပါတယ်။ လက်ရှိ ၁၃၂၆ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်၌ မြို့နယ်အလိုက် ဆောင်းနှမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၈၉၆ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ဧက ၄၃၀ စုစုပေါင်း ၁၃၂၆ ဧက ဖြစ်ကြောင်း၊ မော်လိုက်ခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက နှမ်း ၁၅၁၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မော်လိုက်မြို့နယ်တွင် ၉၁၅ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၅၅၈ ဧက စုစုပေါင်း ၁၄၇၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မော်လိုက်ခရိုင်၌ ဆောင်းနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ဘဏ္ဍာစိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဘဏ္ဍာစိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို မတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဘဏ္ဍာစိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၀ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘဏ္ဍာစိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၃၆ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၉ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၄ ဒသမ ၁ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၇သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၆ ဦးကို ငွေကျပ် ၅၀ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်ခိုး(မလှိုင်)**

# ဇီးကုန်းမြို့နယ် ဖောင်တင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောင်တင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ဈေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ဖောင်တင်ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်း၊ အတိုးငွေများကို သတ်မှတ်ကာလအတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ခံစားပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖောင်တင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၈ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို ငွေကျပ် ၄၀ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၉၉)

ကြည်လွင်မြင့်(မုဒြာ)

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်မှာ ဆောင်းအကုန် နွေအကူးရာသီရောက်တဲ့အခါတိုင်း ချောင်းဆိုး၊ ရှူကျပ် ဖြစ်လေ့ရှိပါတယ်။ အစကကတော့ နေ့ခင်းမှာချောင်းဆိုးပြီး ညအိပ်ရာဝင်ချိန်မှာ ရင်ကျပ်လေ့ရှိပါတယ်။ ညစောစောရင်လဲ အစောမကြေပါ။ ညစောစောရင် ပိုပြီးရင်ကျပ်သလို ခံစားရပါတယ်။ ရင်ကျပ်တဲ့အခါ အသက်ရှူမဝဖြစ်ပြီး ရှူလဲမထွက်ပါ။ ဘယ်လိုလုပ်ရမယ်ဆိုတာ ညွှန်ကြားပေးစေလိုပါတယ်။ ကျွန်တော်နဲ့တညီမှဲ့ခေတ်စာတွေလဲ ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ နွေဦးပေါက်ရာသီမှာ ချောင်းဆိုးရင်ကျပ်ရောဂါဖြစ်တတ်သူတွေက ဝမ်းထဲမှာ လေပူရှိလို့ပါ။ အပူငုပ်ပြီး ချောင်းဆိုးတာပါ။ ရင်ကျပ်တာကလဲ ချွဲသလိပ်ကြောင့် ရင်ကျပ်တာမဟုတ်ဘဲ လေပူကြောင့် ရင်ကျပ်တာကို ဆေးပညာအခေါ် လေပူကျပ်ရောဂါလို့ ခေါ်ပါတယ်။ လေပူစာတွေ ရှောင်ရပါမယ်။ လေပူစာတွေဆိုတာ သရက်သီးစိမ်းတို့၊ တညင်းသီးတို့ လက်ဖက်အစို၊ ကုလားပဲ၊ ခွေးတောက်ရွက်၊ တမာချဉ်၊ မျှစ်ချဉ်၊ အုန်းထမင်း၊ ဒံပေါက်၊ ရေခဲရေအစရှိတာတွေရှောင်ရပါမယ်။ အသားထဲမှာ ဝက်သားကို ရှောင်သင့်ပါတယ်။ အေးစက်တဲ့အစားအသောက်တွေကိုမစားပါနဲ့။ ပူပူနွေးနွေး ချက်ပြီးစ ထမင်း၊ ဟင်းကိုစားသောက်ရင် လေပူနိုင်ပြီးသား ဖြစ်ပါတယ်။ သံပရာရည်၊ လိမ္မော်ရည်၊ ကမ္ဘလာသီးဖျော်ရည်၊ ရှောက်သီးဖျော်ရည်တို့ သောက်ပေးပါ။ မနက်အိပ်ရာထချိန်မှာ ရေသောက်ပြီးတာနဲ့ ရဲယိုသီးအမှည့်ကို တစ်လုံးကုန်အောင် ဆားနဲ့တို့စားပေးရင် တစ်နေ့ကုန်လေပူမလှန်ဘဲ ချောင်းဆိုးသက်သာစေနိုင်ပါတယ်။ ရဲယိုသီးအမှည့်ဟာ တန်ဖိုးမကြီးပေမဲ့ အလွန်ဆေးဖက်ဝင်ပါတယ်။ လေပူကြောင့်ဖြစ်တဲ့ ရင်ကျပ်ရောဂါကို အနိုင်ဆုံးက ရဲယိုသီးမှည့်ဖြစ်ပါတယ်။ ဆေးပညာသုတေသနတွေအရ ရဲယိုသီးမှာ ခံတွင်းကောင်းပြီး အစားအသောက်စားချင်စိတ် ဖြစ်ပေါ်စေတဲ့ လိုင်စင်းဓာတ် အများကြီးပါဝင်တယ်လို့ အဆိုရှိပါတယ်။ ရဲယိုသီးအမှည့်ကို ထန်းလျက်နဲ့ခေါက်စားရင် လေပူထပြီးချောင်းဆိုးတာကို သက်သာစေတဲ့အပြင် အစားစားချင်စိတ်ကိုလဲ ဖြစ်ပေါ်စေနိုင်ပါတယ်။ ညအိပ်မရအောင် ချောင်းဆိုးရင် ရဲယိုရွက်ကို မီးကင်ပြီး လည်ပင်းမှာကပ်၊ လည်ပင်းကို အဝတ်နဲ့ပတ်ပြီး အိပ်ပါ။ ချောင်းဆိုးသက်သာစေပါတယ်။ ရဲယိုသီးနဲ့ ထန်းလျက်စားဖို့ အရသာမကြိုက်သူတွေလဲရှိပါတယ်။ အဲဒီလိုလူတွေအတွက်ကတော့ ပူစီနံရွက် ခေါ် ပူဒီနာရွက်ကို ထန်းလျက်နဲ့ကျိုပြီး ဆားအနည်းငယ်ထည့်သောက်ရင်လဲ ချောင်းဆိုးရင်ကျပ်ရောဂါသက်သာစေနိုင်ပါတယ်။

**မေး ။ ။ မင်္ဂလာပါဆရာကြီးရှင့်။ သမီးက ကျောင်းသူပါ။ ဓာကျက်တဲ့အခါ သမီးအာခေါင်မှာ ခြောက်ကပ်ကပ်ဖြစ်ပြီး ရှူကပ်သလိုဖြစ်နေပါတယ်။ သမီးက ဓာကိုအသံထွက်ကျက်မှရတဲ့ အကျင့်ဖြစ်နေပါတယ်။ တစ်ခါတစ်ရံလည်းချောင်းထဲမှာစွဲပြီး တံတွေးထွေးလို့မရ၊ မျိုချလို့မရနဲ့ တအားနေရခက်ပါတယ်ရှင့်။ သမီးဖြစ်နေတဲ့ရောဂါပျောက်ဖို့ ဆေးနည်းလေးပေးပါရှင့်။**

ဖြေ ။ ။ ပြည်ပန်းညိုရွက်ကို ဟင်းချိုချက်သောက်ပါ။ ရှောက်ရွက်ကို ငါးဖယ် ဒါမှမဟုတ် ကြက်သားနဲ့ရောပြီး အသုပ်ပြုလုပ်စားပါ။ မိုးမျှော်ငရုတ်သီးစိမ်းအနည်းငယ်ထည့်သုပ်ပါ။ ရှောက်ရည်သုံးဇွန်းမှာ ပျားရည်တစ်ဇွန်းရောစပ်သောက်ပါ။ သိပ်ပြီး အာခေါင်ခြောက်ရင် ကွမ်းရွက်ထဲမှာ လျက်ဆားထည့်ပြီး ငုံထားပေးပါ။ တစ်နည်း ကွမ်းရွက်ကိုကန်တော့လုပ် ဆားထည့်ပြီး မီးဖုတ်ပါ။ အဲဒီဆားမီးဖုတ်ကို



ဆေးဖက်ဝင် ရဲယိုသီးကို တွေ့ရစဉ်။

သံပရာရည်နဲ့ ဖျော်လျက်ပေးပါ။ ဆီများတဲ့ဟင်းတွေ၊ အစားအသောက်တွေ ရှောင်ပါ။ ဆီမသန့်တဲ့အကြော်အလှော်တွေကိုလဲ ရှောင်စားပါ။ အသံထွက်ပြီး စာကျက်တာဆိုရင် ရေသန့်တစ်ဘူး ဘေးမှာချထားပြီး နာရီဝက်တစ်ကြိမ် ရေသန့်တစ်ဖန်ခွက် သောက်ပေးပါ။ မန်ကျည်းသီးအမှည့်ကို အနှစ်ထုတ်ပြီး မန်ကျည်းတော်ဖီလုပ်စားပါ။ ဝမ်းချုပ်ရင် ညအိပ်ရာဝင် မန်ကျည်းဖျော်ရည်မှာ ဆားလှော် ဒါမှမဟုတ် ဆားခါးသင့်ရုံထည့်သောက်ပေးရင် ဝမ်းမှန်ပြီး အာခေါင်အထက်ကို အပူတက်တာသက်သာစေပါတယ်။ ညအိပ်ရာဝင်ခါနီးတိုင်း ဒူးအထက်ကနေအောက် ရေအေး ၁၀ ခွက်လောက်လောင်းပြီး ခြေဆေးအိပ်ပါ။ ခြေဖဝါးနှစ်ဖက်ကို ဆားပွတ်ပြီး ဒူးအထက်ကနေ ရေလောင်းခြေဆေးရင် အပူအထက်တက်တာ သက်သာပြီး အာခေါင်ခြောက်တာ၊ လည်ချောင်းနာတာ၊ ချောင်းဆိုးတာတွေ သက်သာစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးရှင့် အခုချိန်မှာ ရာသီအကူးအပြောင်းမို့လားမသိဘူး အဖျားရောဂါဖြစ်သူတွေအလွန်များပါတယ်။ နှာစေး၊ ချောင်းဆိုးနဲ့ အညောင်းအကိုက်ရောပြီး တုပ်ကွေးလို ဖျားကြပါတယ်။ အဖျားရက်မရှည်ပေမဲ့ တစ်ရက်၊ နှစ်ရက်အတွင်းမှာ အစားအသောက်ပျက်ပြီး ချောင်းဆိုးကျန်ခဲ့ပါတယ်။ ကလေးကော လူကြီးပါ တစ်အိမ်လုံး တစ်ယောက်ပြီး တစ်ယောက် ကူးစက်ဖျားတတ်ပါတယ်။ ဥတုဖျားရောဂါတွေအားက ကာကွယ်နိုင်မဲ့နည်းလမ်းတွေရှိရင် ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ ရာသီဥတုအကူးအပြောင်းမှာ ဖြစ်ပွားလေ့ရှိတဲ့ အဖျားရောဂါကို ကာကွယ်ကုသနိုင်တဲ့နည်းလမ်းတွေက-

၁။ နေ့စဉ်ရေချိုးချိန်ကို နေမွန်းမတည့်ခင်အချိန်အတွင်းပဲ ချိုးပါ။ နေ့လယ်နေကျော်သွားချိန် ညနေနေဝင်စအချိန်တွေမှာ ရေမချိုးပါနဲ့။ အခိုးငုပ်ပြီး ဖျားတတ်ပါတယ်။

၂။ ဖျားချင်သလို စိတ်ကဖြစ်နေရင် ကွမ်းရွက်၊ ချင်း၊ ထန်းလျက်ပြုတ်ရည်မှာ ဆားလှော်အနည်းငယ်ထည့်သောက်ပါ။ ချွေးထွက်အောင် ခေတ္တစောင်ခြုံပေးပါ။

၃။ ချင်းခြောက်အမှုန့် ကွမ်းရွက်ခြောက်၊ ဆားကျပ်ခိုး (ပရဆေးဆိုင်တွင် ဝယ်ရသည်) သုံးမျိုးကိုရောကျို ပူပူလေးသောက်ပြီး ချွေးအောင်းပေးပါ။

၄။ စမုန်စပါးရွက်ကို ဘဲဥနှင့်ရောကြော်စားရင် တုပ်ကွေးနဲ့ အညောင်းအကိုက်ရောဂါတွေသက်သာစေပါတယ်။

၅။ ဆေးခါးကြီးပင် (ရှမ်းဆေးခါးပင်) အစို၊ အခြောက် ရရာကို ထန်းလျက်နဲ့ ရောကျိုသောက်ပါ။ ရက်ရှည်ဖျားတဲ့ တုပ်ကွေးဖျားကို ပျောက်ကင်းစေနိုင်ပါတယ်။

၆။ ဖျားပြီး ချောင်းခြောက်ဆိုးကျန်နေရင် ဆူးပန်းရွက်၊ ပူဒီနာရွက်အစိမ်းကို အရည်ညှစ်ပြီး သတ္တုရည်ကို ဆားလှော်အနည်းငယ်ထည့်သောက်ပါ။

၇။ ဖျားချင်သလိုဖြစ်ပြီး ခေါင်းကိုက်ရင်၊ မျက်စိနီရင် ဒန့်သလွန်ရွက်ကိုနှူးပြီး သန့်စင်အောင်ရေဆေးပါ။ အရွက်ကို ခြေပြီးညှစ်ယူရရှိလာတဲ့ ဒန့်သလွန်ရွက်အစိမ်းရည်ကို ဟင်းစားဇွန်းသုံးဇွန်း၊ သိန္ဓောဆား ဒါမှမဟုတ် ဆားလှော်အနည်းငယ်ထည့်ပြီး သောက်ပေးပါ။ ခေါင်းကိုက်သက်သာစေဖို့ ဒန့်သလွန်ရွက်သတ္တုရည်သန့်သန့်ကို နှစ်စက်၊ သုံးစက်လောက် မျက်စိထောင့်မှာထည့်ပြီး မျက်စဉ်းခတ်ပေးပါ။ အနည်းငယ်စပ်ပေမဲ့ မျက်ရည်ပူကျ အခိုးတွေပွင့်ပြီး ခေါင်းကိုက်ရောဂါကို ချက်ချင်းသက်သာစေပါတယ်။

၈။ ပဲရာဇာဟင်းချိုကို ကြက်သွန်နီဥသေးအနည်းငယ်ထည့်ချက် သောက်ပေးရင် ကိုယ်လက်ပေ့ါပါးပြီး အညောင်းအကိုက်သက်သာစေပါတယ်။ ပဲရာဇာက လူကိုပေ့ါပါးစေတဲ့ "လဟုဂုဏ်" ရှိတယ်လို့ ဆေးကျမ်းတွေမှာ ဆိုထားပါတယ်။ ကုလားပဲက လေးလံတဲ့ "ဂရုဂုဏ်"ရှိလို့ အညောင်းအကိုက်များသူ၊ အဖျားတက်နေသူတွေ စားသုံးဖို့မသင့်လို့ ဆိုထားပါတယ်။

၉။ ဥသျှစ်သီးနဲ့ ဥသျှစ်ရွက်တို့ကလဲ အညောင်းအကိုက်နဲ့ အဖျားရောဂါရှိသူတွေအတွက် သင့်တော်တဲ့ ဓာတ်စာဖြစ်ပါတယ်။ ဥသျှစ်သီးအမှည့်ကို အနှစ်အသားခြစ်ယူပြီး စားပေးပါ။ ဥသျှစ်သီးမှည့်ဖျော်ရည်လုပ်သောက်ရင်လဲ ဖျားတဲ့သူနဲ့ သင့်တော်ပါတယ်။ အဖျားပြတ်စေပါတယ်။ ဥသျှစ်ရွက်ကို ဟင်းချိုချက်သောက်ပါ။ အတို့အမြှုပ်ပြုလုပ်စားပါ။ ညောင်းကိုက်တာနဲ့ အဖျားရက်ရှည်တာတွေ ပျောက်ကင်းစေနိုင်ပါတယ်။

၁၀။ ကြက်သွန်ဖြူဥတစ်လုံးကို မီးအုံးပြီး တစ်နေ့ကို ခုနစ်မြွာစားသုံးပေးပါ။ ဖျားပြီး ခံတွင်းအရသာမကောင်းတာ၊ နှာရည်ယိုတာ၊ နှာပိတ်တာတွေကနေ ကာကွယ်ပေးပါတယ်။ ကြက်သွန်ဖြူအစိမ်းကိုလဲ အတို့အမြှုပ်ပြုလုပ်စားပေးရင် အဖျားရောဂါကူးစက်တာကနေ ကာကွယ်ပေးတယ်။

၁၁။ မန်ကျည်းမှည့်ကို ထန်းဖိုထန်းလျက်နဲ့ရောစိမ်ပြီး ဆားလှော်အနည်းငယ်ထည့်သောက်ပါ။ သောက်ရမဲ့အချိန်က နေဝင်ပြီးမိုးချုပ်စ အပုပ်ချိန်မှာ မန်ကျည်းမှည့်ဖျော်ရည် မတ်ခွက်တစ်လုံးလောက် သောက်သုံးပေးရင် ခန္ဓာကိုယ်တွင်းအောင်းနေတဲ့ အပုပ်ဓာတ်တွေမန်ကျည်းဖျော်ရည်နဲ့အတူ ဝမ်းသက်ရာမှာပါသွားလို့ အပုပ်ကင်းစင်ပြီး ဝမ်းတစ်လုံးကောင်း ခေါင်းတစ်လုံးမခဲ ဆိုသလို အဖျားရောဂါ၊ အဖျားကြောင့်ဖြစ်တဲ့ ခေါင်းကိုက်ရောဂါ၊ အညောင်းအကိုက်ရောဂါတွေ ပျောက်ကင်းစေနိုင်တဲ့ သဘာဝဆေးစွမ်းကောင်းဖြစ်ပါတယ်။

၁၂။ ကုန်းကန်စွန်း ခေါ် ကန်စွန်းရိုးနီကို ချဉ်ရည်ဟင်းချက်သောက်ပါ။ မန်ကျည်းမှည့်ထည့်ပြီး ချဉ်ရည်ချက်သောက်ပါ။ ကန်စွန်းရိုးနီက အဆုတ်မှာ အပူကပ်ပြီးဖျားတာ၊ ချောင်းခြောက်ဆိုးတာကို နိုင်တဲ့ သဘာဝဆေးပင်ဖြစ်ပါတယ်။ ကန်စွန်းရိုးနီကို ကြော်ပြီးလဲ စားသုံးနိုင်ပါတယ်။

၁၃။ ကွမ်းရွက်ပြုတ်ရည်က အဖျားနိုင်တဲ့ သဘာဝဆေးစွမ်းကောင်းဖြစ်ပါတယ်။ ရေနွေးဆူဆူ မတ်ခွက်တစ်လုံးမှာ ကွမ်းရွက်သုံးရွက်ကို ခြေထည့်ပြီး အငွေ့လုံအောင်အုပ်ထားပါ။ ကွမ်းရွက်တွေ နွမ်းသွားတဲ့အခါ အဲဒီရေနွေးကိုကုန်အောင် တစိမ့်စိမ့်သောက်ပေးပါက မိမိပတ်ဝန်းကျင်မှာဖျားနေသူတွေရှိရင် အဲဒီအဖျားကို မိမိထံ မကူးစက်အောင် ကာကွယ်ပေးနိုင်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၅၀၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး မတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၅၀၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၂၁၉၁၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၀၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မိုးကြိုပဲတီစိမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်လဲ စိုက်ပျိုးနေပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် မိုးကြိုပဲတီစိမ်း စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် နွေစပါး၊ နွေနှမ်းနှင့် မိုးကြိုပဲတီစိမ်းကို ကင်းတပ်ဆည်ရေသောက်နှင့် ကာဘိုးဆည်ရေသောက်ဧရိယာတို့၌ လျာထားဧက သတ်မှတ်စိုက်ပျိုးနေကြောင်း သိရသည်။ (၂၀၆)

# မြို့ရွာအလှူ သဒ္ဒါဖြူ

\- သုံးရာသီ လှည့်ပတ်ပြောင်း
နွေတပေါင်း အချိန်အခါ၊
နိဗ္ဗာန်ဆော် အလှူပွဲ
ဆင်နွဲကြကာ၊
မြိုင်ဆိုင်လှ မြို့တောရွာ
တေးသံသာ မြူးကြွ၊
သဒ္ဒါဖြူ မြတ်ဓလေ့နဲ့
ချမ်းမြေ့အလှ။

\- သားမောင်ကို ရှင်ပြုကြလို့
နားသကြ သမီးမကျန်၊
အလှူမင်္ဂလာ မဏ္ဍပ်ကြီးနဲ့
ဗြောစည်တီးသံ၊
ရှေးရိုးအက မြန်မာ့ဟန်
လိုက်ဖက်ပြန် အလှူပွဲ၊
မြို့တောရွာ မီးခိုးတိတ်
ဖိတ်ကြားကာနွှဲ။

\- စေတနာ သဒ္ဒါမနည်း
ကျွေးမွေးမြဲ ဟင်းအထွေထွေ၊
နိဗ္ဗာန်ကို ရည်မျှော်မှန်း
လှူဒါန်းလို့နေ၊
ရေစက်ချ အမျှဝေ
သတ္တဝါတွေ ရစေကြောင်း၊
သဒ္ဒါထက်သန်
မြန်မာရဲ့ဟန် ရိုးရာအလှနဲ့
လှူကြ ဆုတောင်း။ ။

**ချစ်သက်(မြန်မာစာ)**

# သရက်မြို့နယ် ပြရေကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သရက် မတ် ၂၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပြရေကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၂၈ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပြရေကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားသည်။

ပြရေကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်း ၁၆၃ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**စင်မာ**

# မိုင်းယောင်းမြို့နယ် တာကြန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းယောင်း မတ် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာကြန့်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစံလင်းက တာကြန့်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၇၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တာကြန့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# နိုင်ငံတကာ သတင်းများ

## ပြင်သစ်နိုင်ငံက အိုလံပစ်ပွဲတော်လုံခြုံရေးအတွက် နိုင်ငံပေါင်း ၄၅ နိုင်ငံထံ အကူအညီတောင်းခံ

**ပဲရစ် မတ် ၂၉**

ယခုနှစ်နွေရာသီအတွင်း ကျင်းပမည့် ပဲရစ်နွေရာသီ အိုလံပစ်အားကစားပွဲတော်လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ စေလွှတ်ပေးကြရန် ပြင်သစ်အစိုးရက ပြည်ပနိုင်ငံ ၄၅ နိုင်ငံတို့ထံ တောင်းဆိုထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြင်သစ်အစိုးရသတင်းအရင်းအမြစ်များ၏အဆိုအရ ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနသည် ပဲရစ်အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ၂၀၀၀ စေလွှတ်ပေးရန် နိုင်ငံပေါင်း ၄၅ နိုင်ငံကို ယခုနှစ် ဇန်နဝါရီလကပင် မေတ္တာရပ်ခံထားခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံး၌ ပထဝီနိုင်ငံရေးအရ၊လုံခြုံရေးအရရှုပ်ထွေးနေချိန်တွင် ပဲရစ်အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် ကူညီရန် ပြင်သစ်အစိုးရက ပြည်ပနိုင်ငံများကိုမေတ္တာရပ်ခံထားသည်။

လက်ရှိအချိန်တွင် ပြင်သစ်အစိုးရသည် ပဲရစ်အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် ပြင်သစ်ရဲတပ်ဖွဲ့ဝင်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ၄၅၀၀၀ခန့်၊ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း ဦးရေ ၂၀၀၀၀နှင့် ပြင်သစ်စစ်ဘက်မှတပ်ဖွဲ့ဝင် ဦးရေ ၁၅၀၀၀ခန့်တို့ကို နေ့စဉ်တာဝန်ချထားရန် စီစဉ်ထားသည်။

ယူကရိန်းစစ်ပွဲ၊ အရှေ့အလယ်ပိုင်းစစ်ပွဲနှင့် အကြမ်းဖက်ဝါဒတိုက်ခိုက်မှု အန္တရာယ်တို့ကြောင့် ပြင်သစ်နိုင်ငံသည် ပြီးခဲ့သည့်ရက်များအတွင်း ပြည်တွင်းလုံခြုံရေးအဆင့်ကို အမြင့်ဆုံးထိ မြှင့်တင်ထားသည်။

နိုင်ငံတကာအားကစားပွဲတော်များ၌ပရိသတ်များလုံခြုံရေးအတွက် ပြည်ပစစ်အင်အား အကူအညီကို ဖိတ်ခေါ်မှုသည် အလွန်ရှားပါးသည့်ကိစ္စရပ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ကရိုးကပ်စ်စီးတီး အကြမ်းဖက်မှုနှင့်ပတ်သက်ဖွယ်ရှိသူများ တာဂျစ်ကစ္စတန်အစိုးရ ဖမ်းဆီး

**ဒူရှန်ဘီ မတ် ၂၉**

ရုရှားနိုင်ငံ မော်စကိုမြို့ ကရိုးကပ်စ်စီးတီး အကြမ်းဖက်တိုက်ခိုက်မှုနှင့်ဆက်နွယ်ပတ်သက်နေသူများအဖြစ် ယူဆရသူ ကိုးဦးကို တာဂျစ်ကစ္စတန်အစိုးရက ယခုရက်သတ္တပတ်အတွင်း ဖမ်းဆီးထားကြောင်း တာဂျစ်ကစ္စတန်လုံခြုံရေး တာဝန်ရှိသူများက ယနေ့တွင် ပြောကြားထားသည်။

ကရိုးကပ်စ်စီးတီး အကြမ်းဖက်တိုက်ခိုက်မှု ကျူးလွန်ခဲ့သူများအဖြစ် ရုရှားလုံခြုံရေး တပ်ဖွဲ့ဝင်များက ထိန်းသိမ်းထားသည့် အမျိုးသားလေးဦးစလုံးမှာ တာဂျစ်ကစ္စတန်နိုင်ငံသားများ ဖြစ်ကြကြောင်း သိရသည်။

ထို့ပြင် ကရိုးကပ်စ်စီးတီး အကြမ်းဖက်မှုဖြစ်ပွားခဲ့ပြီးနောက် မတ် ၂၅ ရက်တွင် ယင်းအကြမ်းဖက်မှုနှင့် ပတ်သက်နေဖွယ်ရှိသူ ကိုးဦးကို တာဂျစ်ကစ္စတန်တာဝန်ရှိသူများက ဖမ်းဆီးထားခြင်းဖြစ်သည်။

မတ် ၂၂ ရက်တွင် ဖြစ်ပွားခဲ့သည့် ကရိုးကပ်စ်စီးတီးအကြမ်းဖက်မှုအတွင်း မျက်နှာဖုံးစွပ်သေနတ်သမားလေးဦးတို့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူပေါင်း၁၄၃ ဦး သေဆုံး၍ ဦးရေ ၁၈၀ ကျော် ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုသည် ရုရှားနိုင်ငံအတွက် နှစ် ၂၀ အတွင်း အသေအပျောက်အများဆုံး အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ခဲ့ရသည်။

လူဦးရေ ၁၀ သန်းရှိသည့် ဆိုဗီယက်ပြည်ထောင်စုဟောင်းဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော တာဂျစ်ကစ္စတန်နိုင်ငံသည် ရုရှားနိုင်ငံတွင်း၌ အလုပ်လုပ်နေသည့် နိုင်ငံသားများ၏ လွှဲငွေများအပေါ် အားပြုရပ်တည်နေရသောနိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## မြောက်ကိုရီးယားကိစ္စအတွက် လမ်းစဉ်သစ်ကျင့်သုံးရန် အဓိကအင်အားကြီးနိုင်ငံများကို ရုရှားတိုက်တွန်း



**မော်စကို မတ် ၂၉**

မြောက်ကိုရီးယား နိုင်ငံနှင့် ဆက်ဆံရာတွင် အင်အားကြီးနိုင်ငံများအနေဖြင့် လမ်းစဉ်သစ်ကျင့်သုံးရန် လိုအပ်သည်ဟု ရုရှားနိုင်ငံက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ အာဏာသက်ဝင်မှုကိုစောင့်ကြည့်နေသည့် ကုလသမဂ္ဂလုပ်ငန်းကော်မတီတစ်ခု၏ မစ်ရှင်အား သက်တမ်းတိုးရေး ဆုံးဖြတ်ချက်မူကြမ်းကို ဗီတိုအာဏာဖြင့်ပိတ်ပင်ခဲ့ပြီးနောက် ရုရှားနိုင်ငံက ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား အရေးယူပိတ်ဆို့မှုစောင့်ကြည့်ရေး ကုလသမဂ္ဂလုပ်ငန်းကော်မတီ၏ မစ်ရှင်သက်တမ်းကို တစ်နှစ်ထပ်တိုးရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မတ် ၂၈ ရက်တွင် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ် မဲခွဲခဲ့ကြသည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၃ နိုင်ငံတို့က ထောက်ခံခဲ့ကြသော်လည်း ရုရှားနိုင်ငံက ဗီတိုအာဏာဖြင့် ပိတ်ပင်ခဲ့ပြီး တရုတ်နိုင်ငံကမူ ပါဝင်မဲပေးခြင်း မရှိခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ဗီတိုအာဏာကြောင့် မြောက်ကိုရီးယားအရေးယူပိတ်ဆို့မှုစောင့်ကြည့်ရေး ကုလလုပ်ငန်းကော်မတီ၏ လက်ရှိမစ်ရှင်သက်တမ်းမှာ ယခုနှစ် ဧပြီလကုန်တွင် အဆုံးသတ်မည်ဖြစ်သည်။

ကိုရီးယားကျွန်းဆွယ်ပြဿနာနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် လမ်းစဉ်ဟောင်းများဖြင့် ချဉ်းကပ်၍မရနိုင်၊ အဓိက ကမ္ဘာ့အင်အားကြီးနိုင်ငံများအနေဖြင့် မြောက်ကိုရီးယားအတွက် လမ်းစဉ်သစ်ကျင့်သုံးရန်လိုကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## အိုင်စီဂျေတရားရုံးက ဂါဇာအငတ်ဘေးကိုတားဆီးပေးရန် အစ္စရေးကိုညွှန်ကြား

**သည်ဟိဂ် မတ် ၂၉**



ဂါဇာကမ်းမြောင်ဒေသ၌ အငတ်ဘေးဆိုက်မည့်အရေးကို တားဆီးပေးရေးအတွက် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့အခြေစိုက် ကမ္ဘာ့တရားရုံး(အိုင်စီဂျေ) တရားသူကြီးများက မတ် ၂၈ ရက်တွင် အစ္စရေးနိုင်ငံကို ညွှန်ကြားထားသည်။

ဂါဇာဒေသရှိ ပါလက်စတိုင်းလူမျိုးများ အခြေခံစားရေရိက္ခာများရရှိစေရေး၊ အငတ်ဘေးပျံ့နှံ့မှုကို တားဆီးရေးအတွက် လိုအပ်သည့် လုပ်ငန်းအစီအမံမှန်သမျှ ထိရောက်စွာလုပ်ဆောင်ပေးရန် အိုင်စီဂျေ တရားသူကြီးများ၏ ညွှန်ကြားချက်၌ ဖော်ပြထားသည်။

ကမ္ဘာ့တရားရုံးအနေဖြင့် ဂါဇာကမ်းမြောင်ဒေသ၌ အငတ်ဘေး စတင်ဝင်ရောက်နေပြီဟူ၍ မှတ်ယူထားကြောင်း အိုင်စီဂျေတရားသူကြီးများက ပြောကြားထားသည်။

ဂါဇာမြောက်ပိုင်း အယ်လ်ရှီဖာ ဆေးရုံဝန်းကျင်၌ အစ္စရေးတပ်များနှင့် ဟားမတ်စ်အုပ်စုတို့ကြား အနီးကပ်တိုက်ပွဲများဖြစ်ပွားနေစဉ် ဂါဇာအငတ်ဘေးကိုတားဆီးရန်အိုင်စီဂျေ တရားသူကြီးများက အစ္စရေးကို ညွှန်ကြားထားခြင်းဖြစ်သည်။

အိုင်စီဂျေ တရားသူကြီးများသည် တောင်အာဖရိကနိုင်ငံ၏ တောင်းဆိုချက်အရ ဂါဇာအငတ်ဘေးကိုတားဆီးရန် အစ္စရေးနိုင်ငံကို ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

အိုင်စီဂျေ၏ ညွှန်ကြားချက်နှင့် ပတ်သက်၍ အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## တရုတ်နိုင်ငံသားများသေဆုံးခဲ့ရသည့် အသေခံဗုံးခွဲမှုဖြစ်စဉ်ကို ပူးတွဲစုံစမ်းစစ်ဆေးရန် တရုတ်စုံစမ်းစစ်ဆေးရေးအဖွဲ့ ပါကစ္စတန်သို့ရောက်ရှိ

**အစ္စလာမ်မာဘတ် မတ် ၂၉**

အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုအတွင်း တရုတ်နိုင်ငံသား ငါးဦးသေဆုံးခဲ့ရမှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးရာတွင် ပူးပေါင်းပါဝင်ရေးအတွက် တရုတ်စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့သည် ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိလာသည့် တရုတ်စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး မိုစင်နာကဗီက အစ္စလာမ်မာဘတ်မြို့ တရုတ်သံရုံး၌ တွေ့ဆုံ၍ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အကျဉ်းချုံးအသိပေးထားကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပ္ပတ်ခ်ျတွန်ခ်ဝါပြည်နယ်၌ မတ် ၂၆ ရက်တွင် ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် တရုတ်နိုင်ငံသားငါးဦး သေဆုံးခဲ့ရကြောင်း သိရသည်။

သေဆုံးခဲ့ရသူ တရုတ်နိုင်ငံသားငါးဦးတို့မှာ ခိုင်ဘာပ္ပတ်ခ်ျတွန်ခ်ဝါပြည်နယ် ဒါဆူမြို့အနီးရှိ ရေအားလျှပ်စစ်ဆည် တည်ဆောက်ရေးလုပ်ငန်း၌ အလုပ်လုပ်နေသည့် အင်ဂျင်နီယာများဖြစ်ကြသည်။

မတ် ၂၂ ရက် တိုက်ခိုက်မှုသည် ရက်သတ္တပတ်တာကာလအတွင်း ပါကစ္စတန်နိုင်ငံအတွင်းရှိ တရုတ်အကျိုးစီးပွားများ တတိယအကြိမ် တိုက်ခိုက်ခံရမှုဖြစ်သည်။

တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့သည် ၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် တရုတ်အကျိုးစီးပွားများတိုက်ခိုက်ခံရမှု ဖြစ်စဉ်တွင်လည်း ပူးပေါင်းစစ်ဆေးစုံစမ်းမှုများ ပြုလုပ်ခဲ့ဖူးကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို လွှတ်တင်ရန် Space-X အာကာသနည်းပညာကုမ္ပဏီ စီစဉ်ထား



**ဝါရှင်တန် မတ် ၂၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို မတ် ၃၀ ရက် ညနေပိုင်းတွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း မတ် ၂၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဘင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် မူလက အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို မတ် ၂၈ ရက်တွင် လွှတ်တင်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံကို လောင်စာရည်ဖြည့်တင်းမှု မစတင်မီမှာပင် Space-X အာကာသနည်းပညာကုမ္ပဏီသည် လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို မတ် ၃၀ ရက်တွင် လွှတ်တင်ရေးအတွက် စီစဉ်ထားကြောင်း Space-X ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

သို့ရာတွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ လွှတ်တင်ရေးအစီအစဉ်ကို မတ် ၂၈ ရက်တွင် အဘယ်ကြောင့်ဖျက်သိမ်းခဲ့ရသည်ကို Space-X ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## ခေါင်းကိုက်ရောဂါက လူငယ်များကြားလေဖြတ်နိုင်ခြေမြင့်မားနိုင်မှု၏ နောက်ခံအကြောင်းတရားဖြစ်နိုင်

**နယူးယောက် မတ် ၂၉**

ခေါင်းကိုက်ရောဂါသည် အရွယ်ရောက်လူငယ်များကြား လေဖြတ်နိုင်ခြေမြင့်မားလာနိုင်မှု၏ ရောဂါနောက်ခံအကြောင်းတရား တစ်ရပ်ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၂၈ ရက်တွင် ပြောကြားသည်။

ခေါင်းကိုက်ရောဂါရှိသည့်အရွယ်ရောက်လူငယ်များ၌ လေဖြတ်နိုင်ခြေ မြင့်မားနိုင်မှုသည် သွေးဖိအားပုံမှန်ထက် မြင့်မားခြင်းကဲ့သို့သော အစဉ်အလာ ရောဂါနောက်ခံအကြောင်းတရားမျိုးရှိထားသူများထက် ပို၍မြင့်မားနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သွေးဖိအားပုံမှန်ထက်မြင့်မားမှု၊ အဝလွန်မှု၊ အရက်သောက်မှုနှင့် ဆေးလိပ်သောက်မှု စသည်တို့သည် အရွယ်ရောက်လူငယ်များကြား လေဖြတ်နိုင်ခြေ မြင့်မားမှု၏ အစဉ်အလာ ရောဂါနောက်ခံအကြောင်းတရားများဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ ခေါင်းကိုက်ရောဂါသည်လည်း အရွယ်ရောက်လူငယ်များကြား လေဖြတ်နိုင်ခြေမြင့်မားမှု၏ အဓိကရောဂါနောက်ခံအကြောင်းတရားသစ် ဖြစ်နိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ မကြာသေးမီနှစ်များအတွင်း အစဉ်အလာ ရောဂါနောက်ခံ အကြောင်းတရားများ ရှိမထားသည့် အရွယ်ရောက်လူငယ်များကြား လေဖြတ်မှုနှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၁၀၀၀၀ ခန့်၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဂျပန်အာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ် ဒုတိယမြောက် လကမ္ဘာညကာလကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့

**တိုကျို မတ် ၂၉**

ဂျပန် အာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ်သည် ဒုတိယမြောက် လကမ္ဘာ ညကာလကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လကမ္ဘာ ဒုတိယညကာလကို အောင်မြင်စွာ ကျော်ဖြတ်ခဲ့ပြီးနောက် SLIM လဆင်းယာဉ်သည် လမျက်နှာပြင်ဓာတ်ပုံသစ်ကို ပြန်လည်ပေးပို့ထားကြောင်း ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

SLIM လဆင်းယာဉ်သည် ယခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်ခဲ့သည်။

SLIM လဆင်းယာဉ်သည် လပေါ်သို့ ဆင်းသက်ရာတွင် အနေအထားမမှန်ခဲ့ဘဲ နေစွမ်းအင်ပြားများ ဦးတိုက်ပြောင်းပြန်ဖြစ်ခဲ့ရာ စွမ်းအင်စနစ်အတွက် ပြဿနာများရှိခဲ့သည်။



သို့ရာတွင် SLIM လဆင်းယာဉ်သည် စူးစမ်းလေ့လာရေးလုပ်ငန်းများကို နှစ်ရက်ကြာလုပ်ဆောင်နိုင်ခဲ့ပြီး ပထမဆုံးလကမ္ဘာညကာလကို အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့သည်။

SLIM လဆင်းယာဉ်အနေဖြင့် လပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့မှုကြောင့် ဂျပန်နိုင်ငံသည် အမေရိကန်၊ ရုရှား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံပြီးလျှင် လပေါ်သို့ လဆင်းယာဉ်စေလွှတ်နိုင်ခဲ့သည့် ပဉ္စမမြောက် ကမ္ဘာ့နိုင်ငံဖြစ်လာခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကိုယ်ဝန်ဆောင်စဉ် ကော်ဖီကိုအလွန်အကျွံမသောက်ရန် ဆေးပညာရှင်များ သတိပေး

**ပေကျင်း မတ် ၂၉**

ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း ကော်ဖီကို အလွန်အကျွံမသောက်ရန် ဆေးပညာရှင်များက မိခင်လောင်းများကိုသတိပေးထားကြောင်း မတ် ၂၈ ရက်သတင်းများအရ သိရသည်။

ကိုယ်ဝန်ဆောင်ကာလ ကော်ဖီ အလွန်အကျွံ သောက်သုံးပါက ကဖင်းဓာတ်ကြောင့် မွေးဖွားလာသည့်ကလေးများတွင် အော်တစ်ဇင်ရောဂါ ဖြစ်ပွားနိုင်ကြောင်း တွေ့ရှိခဲ့ရပြီးနောက် သုတေသနပညာရှင်များ၏အထက်ပါသတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ဝူဟန်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဓာတ်ခွဲခန်းအတွင်း ကြွက်များကို အသုံးပြု၍ ကဖင်းဓာတ်၏အကျိုးဆက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များ အရ ကဖင်းဓာတ် အလွန်အကျွံ ကျွေးထားသည့်ကြွက်များက မွေးဖွားလာသည့်ကြွက်များ၌အော်တစ်ဇင်ရောဂါလက္ခဏာများ ပေါ်ထွက်လာသည်ကို သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ဝန်ဆောင်မိခင်လောင်းများ ကဖင်းဓာတ် အလွန်အကျွံစားသုံးမှုသည် ကလေးများ၌အော်တစ်ဇင်ရောဂါဖြစ်နိုင်ခြေမြင့်မားမှု၏ အဓိကအကြောင်းတရားတစ်ရပ်ဖြစ်နိုင်ကြောင်း၊ ကဖင်းဓာတ်စားသုံးမှုလွန်ကဲပါက သန္ဓေသား၏ ဦးနှောက်၌လုပ်ငန်းလည်ပတ်မှုပုံစံ အပြောင်းအလဲများ ရှိလာတတ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



## ရောမဂြိုဟ်သိမ်တစ်စင်းကြောင့် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ရောမဥက္ကာချိုင့်ဝှမ်းကြီးတစ်ခုနှင့် ဥက္ကာချိုင့်ဝှမ်းအငယ်စား နှစ်ဘီလီယံထိပေါ်ထွက်လာခဲ့ရ

**ဝါရှင်တန် မတ် ၂၉**

လွန်ခဲ့သောနှစ်ပေါင်းနှစ်သန်းခန့်က ကျရောက်ခဲ့သည့် ရောမဂြိုဟ်သိမ်တစ်စင်းကြောင့် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ရောမဥက္ကာချိုင့်ဝှမ်းကြီးတစ်ခုနှင့် ဥက္ကာချိုင့်ဝှမ်းအငယ်စား နှစ်ဘီလီယံထိ ပေါ်ထွက်လာခဲ့ရကြောင်း မတ် ၂၈ ရက် သတင်းများအရ သိရသည်။

အထက်ပါ အသေးစားဥက္ကာချိုင့်ဝှမ်းငယ်များမှာ အဝန်းအဝိုင်းမိုင် ၁၀၀၀ ထိရှိသည့် နယ်မြေအတွင်း ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လွန်ခဲ့သောနှစ်ပေါင်း နှစ်သန်းက ဖြစ်ပွားခဲ့သည့် အဆိုပါဂြိုဟ်သိမ်ကျရောက်မှုသည် အင်္ဂါဂြိုဟ်သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးဥက္ကာခဲကျရောက်မှုဖြစ်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏အဆိုအရ အဆိုပါဥက္ကာခဲသည် အင်္ဂါဂြိုဟ် အီကွေတာရပ်ဝန်းရှိ အီလီဆီယမ်ပလန်နီးရှားအမည်ရှိ နယ်မြေသို့ ကျရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥက္ကာခဲကျရောက်မှုကြောင့် အချင်း သုည ဒသမ ၆၂ မိုင်ရှိသည့် ရောမဥက္ကာချိုင့်ဝှမ်းကြီးတစ်ခု ပေါ်ထွက်လာခဲ့သည်။

ထို့ပြင် အဆိုပါဥက္ကာခဲကျရောက်မှုကြောင့် အသေးစားဥက္ကာချိုင့်ဝှမ်းများမှာလည်း အရေအတွက်အားဖြင့် နှစ်ဘီလီယံထိရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ခံစစ်ကစားသမားဘရီမာနှင့် တော့ဒီဘိုတို့ကိုခေါ်ယူရန် စတာလင်ပေါင် သန်း ၁၀၀ သုံးစွဲမည်ဟု မန်ယူအသင်းပြောကြား





**မန်ချက်စတာ မတ် ၂၉**

မန်ယူအသင်းသည် ခံစစ်ပိုင်းအားနည်းချက်ကို ပြင်ဆင်ရန်အတွက် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဂျူဗင်တပ်အသင်းမှဘရီမာနှင့်နိုက်အသင်းက တော့ဒီဘိုတို့ကိုခေါ်ယူရန် စတာလင်ပေါင်သန်း ၁၀၀ ထိ သုံးစွဲမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

မန်ယူအသင်း ဗဟိုခံစစ်ပိုင်းတွင်ကစားနေသည့် ဗွန်နီအီဗန်၊ ဗာရာနီ၊ မက်ဂွဲယားတို့သည် ပုံစံကောင်းပြသရန် ရုန်းကန်နေရပြီး အသင်းနှင့်အနာဂတ်မရေရာမှုများ ရှိနေသကဲ့သို့ ကစားသမားများအနေဖြင့်လည်း အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသောကြောင့် ခံစစ်ပိုင်းတွင် ရေရှည်အသုံးပြုနိုင်မည့် ဂျူဗင်တပ်အသင်း ခံစစ်ကစားသမားဘရီမာနှင့် နိုက်အသင်း ခံစစ်ကစားသမားတော့ဒီဘိုအတွက် စတာလင်ပေါင်သန်း ၁၀၀ ထိသုံးစွဲရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဂျူဗင်တပ်အသင်းက ဘရီမာကိုရောင်းချရန် ဆန္ဒမရှိသော်လည်း ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ရရှိပါက လက်လွှတ်သွားရန် ဆုံးဖြတ်ထားသကဲ့သို့ နိုက်အသင်းကလည်း တော့ဒီဘိုအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၄၀ တောင်းဆိုထားသောကြောင့် အသင်းတာဝန်ရှိသူများက ကစားသမားများနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

ထို့ပြင် မန်ယူအသင်းသည် ဘရီမာကို ခေါ်ယူရန် ကစားသမားနှင့်တွေ့ဆုံခဲ့ပြီး ဂရင်းဝုဒ်ကိုအလိုက်ပေးကမ်းလှမ်း၍ ပြောင်းရွှေ့ကြေးလျှော့ချသွားရန် ဂျူဗင်တပ်အသင်းနှင့်ညှိနှိုင်းမှုများပြုလုပ်ခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပိုင်းတည်ငြိမ်ရန်ရုန်းကန်ခဲ့ရပြီး အမှတ်ပေးပြိုင်ပွဲ ၂၉ ပွဲကစားအပြီးတွင် ခံစစ်ပိုင်းအနေဖြင့် ပေးဂိုး ၃၉ ဂိုးထိရှိခဲ့သောကြောင့် အမှတ်ပေးဇယားအဆင့်(၆)တွင်သာ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : ML

# အင်္ဂလန်အသင်းအနေဖြင့် ဘန်ဖို့ဒ်အတွက် အမြဲတံခါးဖွင့်ထားဟု နည်းပြဆောက်ဂိတ်ပြောကြား

**လန်ဒန် မတ် ၂၉**

အင်္ဂလန်အသင်း နည်းပြဆောက်ဂိတ်က ဘန်ဖို့ဒ်နှင့် မိမိတို့ကြားတွင် တစ်စုံတစ်ရာပြဿနာမရှိဘဲ ဘန်ဖို့ဒ်ကစားလိုပါက အင်္ဂလန်အသင်းဘက်မှ အမြဲတံခါးဖွင့်ထားသည်ဟု ပြောကြားခဲ့သည်။

နည်းပြဆောက်ဂိတ်သည် ပြီးခဲ့သည့်ရက်သတ္တပတ်က ကစားခဲ့သည့် နိုင်ငံတကာခြေစမ်းပွဲစဉ်များအတွက် အာဆင်နယ်အသင်းမှ ဘန်ဖို့ဒ်ကို အင်္ဂလန်အသင်း ကစားသမားစာရင်းတွင် ရွေးချယ်ခဲ့သော်လည်း ဘန်ဖို့ဒ်ကိုယ်တိုင်က နိုင်ငံတကာပွဲစဉ်ကာလတွင် ဒဏ်ရာရရှိမည်ကို စိုးရိမ်သောကြောင့် အင်္ဂလန်အသင်းအတွက် ကစားပေးရန် ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

နည်းပြဆောက်ဂိတ်က"ဘန်ဖို့ဒ်အတွက် အင်္ဂလန်အသင်းက အမြဲတံခါးဖွင့်ထားပါတယ်။အာဆင်နယ်အသင်းက ကျွန်တော့်ကိုဘန်ဖို့ဒ်နဲ့ပတ်သက်ပြီး ချိတ်ဆက်ပေးမှုတွေ လုပ်ဆောင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဘန်ဖို့ဒ်အနေနဲ့ အင်္ဂလန်အသင်းအတွက် ပြန်လည်ကစားပေးလိုတယ်ဆိုရင် အင်္ဂလန်အသင်းကလဲ အသင့်ပါပဲ"ဟု ပြောကြားခဲ့သည်။

ဘန်ဖို့ဒ်အနေဖြင့် အင်္ဂလန်အသင်းအတွက်ကစားပေးရန်ငြင်းဆိုထားသည့်အတွက် အင်္ဂလန်အသင်းနည်းပြဆောက်ဂိတ်က လာမည့်ယူရို ၂၀၂၄ပြိုင်ပွဲတွင် ဘန်ဖို့ဒ်ကိုချန်လှပ်ရန် ဆုံးဖြတ်ထားသည်ဟု သတင်းများထွက်ပေါ်ခဲ့သည့်အတွက် ပြန်လည်ရှင်းလင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : STA

# အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က တိုနယ်လီကို လောင်းကစားမှုဖြင့် အရေးယူရန် ထပ်မံစွဲချက်တင်

**လန်ဒန် မတ် ၂၉**

အီတလီ ဘောလုံးအဖွဲ့ချုပ်က လောင်းကစားမှုကြောင့် ၁၀ လ ပွဲပယ် ပြစ်ဒဏ်ကျခံနေရသည့် နယူးကာဆယ် ကွင်းလယ်ကစားသမားတိုနယ်လီကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)ကလည်း လောင်းကစားမှုဖြင့် အရေးယူမှုပြုလုပ်ရန် ထပ်မံစွဲချက်တင်ခဲ့ကြောင်း သိရသည်။

တိုနယ်လီသည် ၂၀၂၃ ခုနှစ် ဩဂုတ်လက နယူးကာဆယ်အသင်းသို့ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၅ သန်းဝန်းကျင်ဖြင့် ရောက်ရှိခဲ့ပြီးနောက် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၂ ရက်မှ အောက်တိုဘာ ၁၂ ရက်အတွင်း တရားမဝင်လောင်းကစားပြုလုပ်မှုပေါင်း ၅၅ ခု ရှိခဲ့သည့်အတွက် အက်ဖ်အေက အရေးယူရန်စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

တိုနယ်လီအနေဖြင့် အဆိုပါပြစ်မှုအတွက် လာမည့် ဧပြီ ၅ ရက်မတိုင်မီထိ အယူခံတင်သွင်းခွင့်ရှိကြောင်းအက်ဖ်အေက ဆက်လက်ထုတ်ပြန်ခဲ့သည်။

အသက် ၂၃ နှစ်ရှိ ကွင်းလယ်ကစားသမား တိုနယ်လီသည် အေစီမီလန်အသင်းတွင် ကစားခဲ့စဉ်က လောင်းကစားဥပဒေကို ချိုးဖောက်ခဲ့မှုကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အီတလီဘောလုံးအဖွဲ့ချုပ်တို့က ၁၀လ ပွဲကစားခွင့်ပိတ်ပင်ခဲ့ပြီး ဒဏ်ငွေယူရို ၂၀၀၀၀ ပြစ်ဒဏ်ချမှတ်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ၎င်းသည် စစ်ဆေးနေစဉ်ကာလအတွင်း ယခုအခါ လောင်းကစားမှု ထပ်မံကျူးလွန်ကြောင်း အက်ဖ်အေက ထုတ်ပြန်ခဲ့ပြီး အရေးယူမှုထပ်မံပြုလုပ်ရန် စွဲချက်တင်ခံခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : ML

## အားကစားသတင်းအတိုအထွာများ

- ❑ နည်းပြကလော့ပ်က လာမည့်ရက်သတ္တပတ်အတွင်းကစားမည့် လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်မတိုင်မီ လေ့ကျင့်ရေးအစီအစဉ်တွင် ၎င်း၏နည်းစနစ်ပိုင်းများကို လေ့လာနိုင်ရန် တိုက်စစ်မှူးဟောင်း ဖာနန်ဒိုတောရက်စ်ကို ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။
- ❑ အေတီကိုအသင်းနှင့်ပွဲစဉ်တွင် နည်းပြဇာဗီ အနီကတ်ပြသခံရမှုကို ဘာစီလိုနာအသင်းက စပိန်ဘောလုံးအဖွဲ့ချုပ်သို့ အယူခံတင်သွင်းခဲ့ရာ ရှုံးနိမ့်ခဲ့သဖြင့် နှစ်ပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်း သိရသည်။

ML

# မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဒီမီထရော့ဖ်တက်ရောက်



**ဖလော်ရီဒါ မတ် ၂၉**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီကမ်းခြေတွင် ကျင်းပနေသည့် မီယာမီအိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဒီမီထရော့ဖ်နှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယနေ့ယှဉ်ပြိုင်ကစားခဲ့ရာ ဒီမီထရော့ဖ်ကဗိုလ်စွဲရန် ရေပန်းစားနေသည့်အယ်ကာရက်ဇ်အား (၆-၂၊ ၆-၄)ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အယ်ကာရက်ဇ်သည် မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရပြီး ဒီမီထရော့ဖ်ကနိုင်ခြေအဆင့်(၁၁)အဖြစ် သတ်မှတ်ခံထားရသော်လည်း အယ်ကာရက်ဇ်အနေဖြင့် အမှားအယွင်း များခဲ့မှုကြောင့် ပြတ်သားသည့်ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဒီမီထရော့ဖ်က"အယ်ကာရက်ဇ်လိုကစားသမားကို အနိုင်ကစားနိုင်ဖို့ဆိုရင်တော့ စွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေဖို့ လိုအပ်လိမ့်မယ်။အမှားအနည်းဆုံးဖြစ်အောင်ကစားနိုင်ဖို့လဲ လိုအပ်လိမ့်မယ်။အယ်ကာရက်ဇ်ကို အနိုင်ကစားနိုင်ဖို့ လိုအပ်တဲ့အခြေခံအချက်တွေနဲ့ ပြည့်စုံခဲ့လို့ ကျွန်တော်အနိုင်ရခဲ့တာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဒီမီထရော့ဖ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမားဇီရက်ဖ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဇီရက်ဖ်သည် ကွာတားဖိုင်နယ် အဆင့်တွင် ဟန်ဂေရီ တင်းနစ်ကစားသမား မာရို့ဇ်ဇန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ (၆-၃ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရလာခဲ့ခြင်းဖြစ်သည်။

ဒီမီထရော့ဖ်သည်ပထမအဆင့်မှစတင်၍ ကွာတားဖိုင်နယ်အဆင့်ထိ အမှားအယွင်းအနည်းဆုံးဖြစ်အောင်ကစားနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့် ကစားသမားများကို ကျော်ဖြတ်ကာ ဆီမီးဖိုင်နယ်အဆင့်ထိတက်ရောက်ခွင့်ရခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးအဆင့်သို့ ဘာစီလိုနာနှင့်ပီအက်စ်ဂျီအမျိုးသမီးအသင်းတို့တက်ရောက်



**မက်ဒရစ် မတ် ၂၉**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ် ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် ဘာစီလိုနာ အမျိုးသမီးအသင်းနှင့် ပီအက်စ်ဂျီ အမျိုးသမီးအသင်းတို့သည် ပြိုင်ဘက်များကို အသီးသီး အနိုင်ရရှိခဲ့ကြပြီး ဆီမီးဖိုင်နယ် အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။

အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘာစီလိုနာ အမျိုးသမီးအသင်းနှင့် နော်ဝေကလပ် ဘာရန်းအသင်းတို့ကစားခဲ့ရာဘာစီလိုနာအမျိုးသမီးအသင်းက ပထမအကျော့တွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့ပွဲစဉ်အဖြစ်အိမ်ကွင်းတွင် လက်ခံကစားခဲ့ရာ သုံးဂိုး တစ်ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့သည့်အတွက် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့သည်။

အလားတူ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပီအက်စ်ဂျီအမျိုးသမီးအသင်းသည် ဆွီဒင်ကလပ် ဘီကေဟာကန်အသင်းနှင့်ကစားခဲ့ရာပထမအကျော့အဝေးကွင်းပွဲစဉ်၌ ပီအက်စ်ဂျီအမျိုးသမီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့အိမ်ကွင်းတွင် လက်ခံကစားခဲ့ရာ ပီအက်စ်ဂျီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် ထပ်မံအနိုင်ရရှိခဲ့သည့်အတွက် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်အဖြစ် ဘာစီလိုနာ အမျိုးသမီးအသင်းနှင့် ချဲလ်ဆီးအမျိုးသမီးအသင်း၊လိုင်ယွန်အမျိုးသမီးအသင်းနှင့် ပီအက်စ်ဂျီအမျိုးသမီးအသင်းတို့ ကစားသွားရမည်ဖြစ်ပြီး ပထမအကျော့ပွဲစဉ်များကို ဧပြီ ၂၁ရက်နှင့် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၂၈ရက်နှင့် ဗိုလ်လုပွဲစဉ်ကို မေ ၂၆ရက်တွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik
Trs : STA

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံက ဒရုန်းတင်ဆောင်ရေး Pchelka Bee ဒရုန်းကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် ဖြန့်ကြက်အသုံးပြုလာ



ရုရှားစစ်ဘက်သည် ဒရုန်းနည်းပညာအသစ်ဖြစ်သော "Pchelka (Bee)" FPV ဒရုန်းများတင်ဆောင်နိုင်မည့် ဒရုန်းအမျိုးအစားသစ်ကို ဖြန့်ကြက်အသုံးပြုလာကြောင်း မတ် ၂၁ ရက်တွင် "Russian Engineer" တယ်လီဂရမ်ချန်နယ်မှ ထုတ်လွှင့်သည့် ဗီဒီယိုဖိုင်တစ်ခုတွင် ဖော်ပြခဲ့မှုကို Army Recognition သတင်းဌာနက မတ် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းကြေညာချက်သည် ရုရှား-ယူကရိန်း ပဋိပက္ခတွင် ဒရုန်းများကို နည်းဗျူဟာမြောက်အသုံးချမှုတွင် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ကို ဖော်ညွှန်းနေခြင်းလည်းဖြစ်သည်။

ရန်သူ့ပစ်မှတ် နေရာများပေါ်တွင် First Person View (FPV) ဒရုန်းခုနစ်စင်းထိ သယ်ဆောင်ဖြန့်ကြက်နိုင်ရန်ဒီဇိုင်းထုတ်ထားသော Pchelka ဒရုန်းတင်ဆောင်သည့်ဒရုန်းသည် ဝေဟင်ထောက်လှမ်းရေးနှင့်တိုက်ခိုက်ရေးရည်မှန်းချက်တာဝန်များ ထမ်းဆောင်ရာတွင် ရုရှားတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်ကို သိသိသာသာမြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

First Person View (FPV) ဒရုန်းများသည် ယူကရိန်းရှိ ပဋိပက္ခဇုန်တွင် ထင်ရှားသောစစ်လက်နက်ပစ္စည်းများထဲမှ အမျိုးအစားတစ်ခုအဖြစ် ထွက်ပေါ်လာခဲ့သည်။ ၎င်း FPV ဒရုန်းများကို ရည်ရွယ်ချက်အမျိုးမျိုးအတွက် တွင်ကျယ်စွာအသုံးပြုလျက်ရှိကြပြီး တိုက်ပွဲဝင်ထိရောက်မှုကို ထူးထူးခြားခြား ပြသထားနိုင်ခဲ့သည်။ "Pchelka(Bee)" ဒရုန်းတင်ဆောင်သည့် ဒရုန်းများကိုအသုံးပြု၍ ရန်သူ့သံချပ်ကာယာဉ်များနှင့်တပ်စခန်းနေရာအများအပြားကို တိုက်ခိုက်နိုင်ခဲ့သည်ဟု ယုံကြည်ထားကြကြောင်း သိရသည်။

Pchelka ဒရုန်းသည် သဘာဝဓာတ်ငွေ့ဖြင့်မောင်းနှင်နိုင်ပြီး VTOL ဒေါင်လိုက် အတက်အဆင်းပြုလုပ်နိုင်သည့် ဒရုန်းအမျိုးအစားလည်းဖြစ်သည်။ ၎င်း၏ ဖွဲ့စည်းတည်ဆောက်ပုံသည် FPV ဒရုန်းများကိုတင်ဆောင်တိုက်ပွဲဝင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ မတူညီသောပတ်ဝန်းကျင်အခြေအနေများတွင် ဒရုန်းများပစ်လွှတ်ခြင်းနှင့် ပြန်လည်ဆယ်ယူနိုင်စွမ်းသည် သိသာထင်ရှားသော နည်းဗျူဟာမြောက်ပြောင်းလွယ်ပြင်လွယ်ရှိမှုကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ Pchelka ဒရုန်းသည် ၎င်း၏ အမြင့်ဆုံးပျံသန်းနိုင်သော အကွာအဝေးစွမ်းဆောင်ရည်ကို အသုံးချပြီး FPV ဒရုန်းများကို ဖြန့်ကြက်နိုင်စွမ်းရှိ၍ FPV ဒရုန်းများအတွက် စစ်ဆင်ရေးအကွာအဝေးကန့်သတ်ချက်ကိုပါ တစ်ပါတည်းဖြေရှင်းပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံ Ekaterinburg မြို့ Airburg JSC ကုမ္ပဏီက ထုတ်လုပ်ထားသော Pchelka ဒရုန်းကို ပြီးခဲ့သည့်နှစ်အတွင်း ရုရှားနိုင်ငံ၌ပြုလုပ်ခဲ့သည့် ကာကွယ်ရေးပြပွဲတစ်ခုတွင် ပထမဆုံးထုတ်ဖော်ပြသနိုင်ခဲ့သည်။ အဆိုပါ ဒရုန်းသည် ဒရုန်းအငယ်စားများကိုတင်ဆောင်ရန် အသုံးပြုနိုင်သလို ထောက်လှမ်းရေးတာဝန်များပါ ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ထုတ်လုပ်ထားကြောင်း သိရသည်။

Pchelka ဒရုန်းသည် ထူးခြားသော ဒီဇိုင်းဖြင့် ဒေါင်လိုက်နှင့်အလျားလိုက် ပျံသန်းနိုင်သည့် Tiltrotor ဒရုန်းအမျိုးအစားလည်းဖြစ်သည်။ တည်ငြိမ်စွာပျံသန်းနိုင်စေရန် ကိုယ်ထည်တွင် Stabilizer နှင့် Fin ပါရှိပြီး ကိုယ်ထည်အောက်ခြေ အနိမ့်ပိုင်းတွင် ဒလက်လေးခုဖြင့် ပံ့ပိုးပေးထားသော အဖြောင့်တပ်ဆင်ထားသည့် တောင်ပံတစ်စုံပါရှိသည်။ အတိုင်းအတာများနှင့်ပတ်သက်၍ အတိအကျထုတ်ဖော်ပြောဆိုထားခြင်း မရှိသေးသော်လည်း အလျား ၁ ဒသမ ၂ မီတာမှ ၁ ဒသမ ၅ မီတာ၊ မျှတသောတောင်ပံအလျား၊ Payload Capacity အလေးချိန် ၃ ကီလိုဂရမ်နှင့် အများဆုံးပျံတက်နိုင်သည့် အလေးချိန် သိသိသာသာတိုးမြှင့်ကောင်းမွန်နိုင်လိမ့်မည်ဟု ခန့်မှန်းတွက်ချက်ထားကြကြောင်း သိရသည်။

အလျားလိုက် တွန်းကန်အားအတွက် ရှေ့ဘက်တွင် ပေါ့ပါးကျစ်လျစ်သော Internal Combustion အင်ဂျင်တစ်ခုကို တပ်ဆင်ထားပြီး လျှပ်စစ်မော်တာများဖြင့် မောင်းနှင်နိုင်သော ဒလက်လေးခုဖြင့် ပင့်တင်အားရရှိစေရန် အဆင်ပြေစေမည်ဖြစ်သည်။ ၎င်းတွန်းကန်အားစနစ် များကြားပေါင်းစည်းလုပ်ဆောင်နိုင်မှု သို့မဟုတ် သီးခြားစီလုပ်ဆောင်နိုင်မှု၊ ဘက်ထရီ သို့မဟုတ် လောင်စာဖြင့် လုပ်ဆောင်နိုင်မှုစသည်ဖြင့်အသေးစိတ်ဖော်ပြထားခြင်းမျိုး မရှိသေးပေ။

Pchelka ဒရုန်းသည် Airplane Like Flight နည်းလမ်းဖြင့် ဒေါင်လိုက်၊ အတက်အဆင်းပျံသန်းမှုကို ကူးပြောင်းလုပ်ဆောင်နိုင်ကြောင်း သိရသည်။ ဒရုန်း၏အမြန်နှုန်းကို မသိရှိရသော်လည်း အကွာအဝေး ကီလိုမီတာ ၃၀၀၊ အမြင့် မီတာ ၅၀ မှ မီတာ ၂၅၀၀ ထိ ပျံသန်းစစ်ဆင်နိုင်သည်ဟု သိရသည်။ အဝေးထိန်းစနစ်၊ နှစ်မျိုးသုံးဆက်သွယ်ရေးစနစ်တို့ဖြင့် နေ့ရောညပါ ကင်းထောက်နိုင်စေရန်အတွက် ကျစ်လျစ်ပေါ့ပါးသော စက်လုံးပုံစံ Optical-Electronic System (OES) အာရုံခံကိရိယာကို တပ်ဆင်အသုံးပြုထားသည်။

အချုပ်အားဖြင့်ဆိုရသော် Pchelka (Bee) ဒရုန်းသည် အသေးစား FPV ဒရုန်းများကိုတင်ဆောင်၍ တိုက်ပွဲဝင်စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဒရုန်းများကိုမည်သည့်နည်းလမ်းဖြင့် မည်သို့တင်ဆောင်နိုင်သည်ကို မသိရှိရသေးသော်လည်း Kamikaze ဒရုန်းများနှင့်တွဲဖက်၍ Radio Signal များကိုကြားခံအဖြစ် ချိတ်ဆက်၊ဆောင်ရွက်ပေးနိုင်က တိုက်ခိုက်ရေးဒရုန်းများ၏ တိုက်ပွဲဝင်နိုင်မှုစွမ်းရည်ကို သိသိသာသာ တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Russia Deploys in Ukraine New Pchelka Bee UAV Carrier to Enhance FPV Drones Operational Range ကို ဘာသာပြန်ဆိုထားပါသည်။**

## လစ်သူယေးနီးယားနိုင်ငံက စစ်ဘက်ဆိုင်ရာအကူအညီပေးရေးအစီအစဉ်သစ်တွင် ယူကရိန်းသို့ Drone Jammers ပို့ဆောင်ပေးခဲ့

လစ်သူယေးနီးယားနိုင်ငံသည် စစ်ဘက်ဆိုင်ရာ အကူအညီပေးရေး အစီအစဉ်သစ်အရ Drone Jammers စက်ကိရိယာများကို ယူကရိန်းနိုင်ငံသို့ပေးပို့ခဲ့ပြီး လစ်သူယေးနီးယားနိုင်ငံတွင် အသုံးပြုလျက်ရှိသော အဆင့်မြင့်တန်ပြန်ဒရုန်းစနစ်(C-UASs) ထောင်နှင့်ချီ၍ ပါဝင်လာမည်ဖြစ်ကြောင်း Defense Post သတင်းဌာနက မတ် ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

ယူကရိန်းနိုင်ငံ တောင်းဆိုထားသည့် အတိုင်း လက်နက်၊ ခဲယမ်းများ၊ ဒရုန်းများ၊ တန်ပြန်ဒရုန်း တိုက်ဖျက်ရေးစနစ်များ၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ထောက်ပံ့ရေး အထောက်အကူပြုပစ္စည်းများပါဝင်သော လစ်သူယေးနီးယား ကာကွယ်ရေးဝန်ကြီးဌာန အကူအညီပေးရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

၂၀၂၆ ခုနှစ်ထိ လွှဲပြောင်းပို့ဆောင်ပေးရန် စီစဉ်ထားသော ယူရိုသန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၂၁၇ သန်း) တန်ဖိုးရှိသော ယူကရိန်းအတွက် ရေရှည်အကူအညီပေးရေးအစီအစဉ်တစ်ရပ်ကို မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သေးသည်။ လစ်သူယေးနီးယားနှင့် ၎င်း၏မဟာမိတ်နိုင်ငံများက ပံ့ပိုးပေးသောစစ်လက်နက်ပစ္စည်းကိရိယာများသည် ယူကရိန်း၏ လွတ်လပ်ရေးနှင့် ဥရောပ၏လုံခြုံရေးအတွက် အရေးပါသောပံ့ပိုးကူညီမှုတစ်ခုဖြစ်ကြောင်း လစ်သူယေးနီးယားကာကွယ်ရေးဝန်ကြီး Arvydas Anusauskas က ပြောကြားခဲ့သည်။

လစ်သူယေးနီးယားနိုင်ငံသည် ရုရှား-ယူကရိန်းပဋိပက္ခအစကတည်းက ယူကရိန်းကို အကူအညီ ယူရိုတစ်ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ) ပံ့ပိုးပေးခဲ့ပြီး လက်ရှိတွင် နိုင်ငံ့ GDP ၏ ၁ ဒသမ ၂ ရာခိုင်နှုန်းကို ခွဲဝေပံ့ပိုးပေးထားခြင်းလည်းဖြစ်သည်။ ၎င်း၏အဓိကကျသော ပံ့ပိုးမှုများတွင် Kongsberg အဆင့်မြင့် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ် နှစ်စုံ၊ Bofors L-70 လေယာဉ်ပစ်အမြောက် ၃၆ စုံ၊ ခဲယမ်းများနှင့် M113 သံချပ်ကာလူသယ်ယာဉ် အစီး ၅၀ တို့ ပါဝင်သည်။ ထို့ပြင် ၂၀၂၄ ခုနှစ်နှင့်လာမည့် ၂၀၂၅ ခုနှစ်များအတွက် မိုင်းရှင်းလင်းရေးကိရိယာများ၊ ခဲယမ်းများနှင့် ရိက္ခာများ ပံ့ပိုးပေးပို့ရန် အစီအစဉ်များရှိကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းထိ ယူကရိန်းတပ်ဖွဲ့ဝင်အင်အား ၃၀၀၀ ခန့်ကို နိုင်ငံတွင်း၌ စစ်ရေးလေ့ကျင့်



မှုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားရန် စီစဉ်ထားသည်။

**Lithuania Sends Drone Jammers to Ukraine Following New Aid Plan ကိုဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# တောင်ကိုရီးယားနှင့် ပြန်လည်ပေါင်းစည်းရန်ဆန္ဒမရှိတော့သည့် မြောက်ကိုရီးယား



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယခုနှစ် ဇန်နဝါရီလအတွင်းပြုလုပ်ခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေး... ယခုနှစ် ဇန်နဝါရီလအတွင်းပြုလုပ်ခဲ့သည့် ပြည်သူ လူထုတွေ့ဆုံမှုကြီးတွင် ပြောကြားခဲ့သောမိန့်ခွန်း၌ တောင်ကိုရီးယားနိုင်ငံနှင့်ပြည်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်သည် ဖြစ်နိုင်ခြေ မရှိတော့ကြောင်း၊ အိမ်နီးချင်းနိုင်ငံသည် ရင်းနှီးသောမိတ်ဆွေမဟုတ်တော့ကြောင်းနှင့် မပြောင်းလဲသော အဓိကရန်သူ ဖြစ်လာကြောင်း ပြောကြားသွားခဲ့သည်။

ထိုသို့ ပြောဆိုခြင်းသည် မြောက်ကိုရီးယားနိုင်ငံက အလေးထားဖော်ဆောင်သွားမည့် မကြုံစဖူးသော နိုင်ငံခြားရေးမူဝါဒ အပြောင်းအလဲပင်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၁၉၅၀-၁၉၅၃ စစ်ပွဲကို အဆုံးသတ်ခဲ့သည့် စစ်ရပ်ဆိုင်းရန်စာချုပ်ဖြင့် ပိုင်းခြားခဲ့သော ကိုရီးယားကျွန်းဆွယ် ပြန်လည်ပေါင်းစည်းရေးကို တစိုက်မတ်မတ် ရည်မှန်းဆောင်ရွက်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံအပေါ်ထားရှိသည့် မြောက်ကိုရီးယား၏ရပ်တည်ချက်အသစ်ကို မြောက်ကိုရီးယား၏ စစ်လှုံ့ဆော်မှုတစ်စိတ်တစ်ဒေသအဖြစ် ကျယ်ပြန့်စွာ နိမိတ်ဖတ် အဓိပ္ပာယ်ကောက်ယူလျက်ရှိသည်။ သို့သော် တောင်ကိုရီးယားနိုင်ငံကိုမူ ပျော့ပျောင်းသူအဖြစ် အမြဲတစေဖော်ပြလေ့ရှိသည်။ မြောက်ကိုရီးယား၏နိုင်ငံခြားရေးမူဝါဒအပြောင်းအလဲများဖြစ်ပေါ်လာသည့်အချိန်တွင် တောင်ကိုရီးယားနိုင်ငံတွင် နိုင်ငံရေးဆိုင်ရာ ပြောင်းလဲတိုးတက်လာမှုများနှင့်ပြည်သူ့အမြင် သဘောထားများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာလျက်ရှိသည်။ မြောက်ကိုရီးယားအနေဖြင့် ကိုရီးယားကျွန်းဆွယ်ဆက်ဆံရေးများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်များ လုပ်ဆောင်သည့် အချိန်တွင် ပြည်တွင်းရေးရာအကြောင်းတရားများကိုလည်း ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားရန် လိုအပ်သည်။

မြောက်ကိုရီးယားနှင့်ဆက်ဆံရေးသည် တောင်ကိုရီးယားနိုင်ငံရေးတွင် အငြင်းပွားဖွယ်ဖြစ်နေသော အကြောင်းတရားများအနက်မှ တစ်ခုပင်ဖြစ်သည်။ နိုင်ငံရေးပါတီများကြား အာဏာအပြောင်းအလဲများသည် တောင်ကိုရီးယားနိုင်ငံတွင် မြောက်ကိုရီးယားအရေးနှင့်စပ်လျဉ်း၍ ရန်လိုမုန်းတီးမှုမှ ပြန်လည်ပေါင်းစည်းမှုသို့လည်းကောင်း၊ ပြန်လည်ပေါင်းစည်းမှုမှ ရန်လိုမှုသို့လည်းကောင်း မကြာခဏပြောင်းလဲမှုများ ဖြစ်ပေါ်လေ့ရှိသည်။ ကိုရီးယားကျွန်းဆွယ် ဆက်ဆံရေးတိုးတက်မှုအတွက် ကြိုးပမ်းမှုများကို တောင်ကိုရီးယားနိုင်ငံတွင် ပျော်ရွှင်ဖွယ်ကောင်းသော မူဝါဒ (Sunshine Policy)အဖြစ် လူသိများလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံ၏ သမ္မတစနစ်သည် သမ္မတများကို ငါးနှစ်သက်တမ်းတစ်ခုသာ ထမ်းဆောင်ရန် ကန့်သတ်ထားရှိသည်။ ထို့ကြောင့် သမ္မတများသည် တာဝန်မှအနားမယူမီ မြောက်ကိုရီးယားနှင့်ဆက်ဆံရေး တိုးတက်မှုရရှိရေး လုပ်ဆောင်သွားရန် အချိန်အနည်းငယ်သာ ရရှိမည်ဖြစ်သည်။ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုအာမခံချက်ရရှိစေရန် တာဝန်ထမ်းဆောင်ဆဲ သမ္မတသည် ၎င်းကိုဆက်ခံမည့် သမ္မတတစ်ဦး၏ တူညီသောစိတ်ဆန္ဒရှိမှုအပေါ်တွင် မူတည်နေမည်ဖြစ်သည်။

အဆိုပါ အခြေအနေ အကြောင်းတရားများကြောင့် မြောက်ကိုရီးယားနှင့်ဆက်ဆံရေးတိုးတက်မှု ဖော်ဆောင်ရန် အခက်အခဲများ ဖြစ်ပေါ်စေလျက်ရှိသည်။ ဆက်ဆံရေး ကောင်းမွန်သည့်အချိန်တွင် တောင်ကိုရီးယားနိုင်ငံက သဘောတူညီချက်များသည် အခိုက်အတန့်မျှသာဖြစ်ပြီး အပြောင်းအလဲများရှိနေသည့်အတွက် မြောက်ကိုရီးယားနိုင်ငံကို ဒေါသူပုန်ထစေလျက်ရှိသည်။

သာဓကအနေဖြင့် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့သည် ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် မွန်ဂျေအင်း၏ သမ္မတသက်တမ်း ငါးနှစ်ကာလတွင် ဆက်ဆံရေး တိုးတက်အောင်ကြိုးပမ်းခဲ့ကြသည်။ ၂၀၁၈ ခုနှစ် ဧပြီလတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် ၃၈ မျဉ်းပြိုင်တစ်လျှောက်ရှိ စစ်မဲ့ဇုန်၌ တွေ့ဆုံဆွေးနွေးနိုင်သည်ထိ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။

ထိုစဉ်က ခေါင်းဆောင်နှစ်ဦးစလုံးသည် တစ်ဖက်နိုင်ငံသို့ အပြန်အလှန်ခြေချခဲ့ကြသည်။ စင်စစ်အားဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ကိုရီးယားနှစ်နိုင်ငံကို တစ်နိုင်ငံတည်းအဖြစ် ရှုမြင်ကြောင်းနှင့် ပြန်လည်ပေါင်းစည်းလိုသည့် ၎င်း၏ ပုဂ္ဂိုလ်ရေးဆန္ဒကို ထုတ်ဖော်ပြောဆိုခဲ့ကြောင်း၊ မွန်ဂျေအင်းအနေဖြင့်လည်း ပိုမိုပူးပေါင်းဆောင်ရွက်မှုအတွက် အလားတူထုတ်ဖော်ပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

သို့သော် မွန်ဂျေအင်းအနေဖြင့် နျူကလီးယားဖျက်သိမ်းရေးအတွက် ခိုင်မာသောကတိကဝတ်မရရှိဘဲ မြောက်ကိုရီးယားနိုင်ငံနှင့် ဆွေးနွေးမှုများ လုပ်ဆောင်မှုအပေါ် ၎င်း၏ပြိုင်ဘက်များက အားနည်းချက်တစ်ခုအဖြစ် ထောက်ပြဝေဖန်ခြင်းခံခဲ့ရသည်။ ထိုအကြောင်းတရားသည် ၂၀၂၂ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်ပါတီရှုံးနိမ့်ခဲ့ရသည့်အကြောင်းတရားများအနက်မှ တစ်ခုဖြစ်လာခဲ့တော့သည်။

ဝေဖန်ရေးသမားများက မွန်ဂျေအင်း၏ကြိုးပမ်းမှုများကို Moonshine Policy အဖြစ်ရှုတ်ချကာ ရည်ညွှန်းပြောဆိုခဲ့သည်။

ထို့ပြင် ၂၀၂၂ ခုနှစ်တွင် သမ္မတမွန်ဂျေအင်းကို ဆက်ခံသူ ပြည်သူ့အာဏာပါတီမှ ယွန်ဆွတ်ယိုးသည် မြောက်ကိုးရီယားနှင့်စပ်လျဉ်း၍ ပိုမိုတင်းမာသော ရပ်တည်ချက်ကို စွဲကိုင်ထားသည်။ ၎င်းသည်ဆက်ဆံရေးတိုးတက်ရေးအတွက် မစတင်သေးမီ ဦးစွာ နျူကလီးယားဖျက်သိမ်းရန် တောင်းဆိုလျက်ရှိသည်။ ယွန်ဆွတ်ယိုးသည် မြောက်ကိုရီးယား၏ ကျူးကျော်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး တောင်ကိုရီးယားစစ်ဘက်၏ စွမ်းဆောင်ရည်နှင့်စပ်လျဉ်း၍လည်း အကျပ်အတည်းကြုံတွေ့နေရပြီး နည်းပညာပိုင်းဆိုင်ရာအဆင့်မြင့်တင်ရေးအတွက် ဘတ်ဂျက်တိုးမြှင့်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံရေးစနစ် ကန့်သတ်ချက်ကြောင့် မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးအတက်အကျဖြစ်နေသော တောင်ကိုရီးယားနိုင်ငံအနေဖြင့် ပြန်လည်ပေါင်းစည်းမှု အလားအလာ ဆိတ်သုဉ်းသွားပြီဆိုသော မြောက်ကိုရီးယား၏ဆုံးဖြတ်ချက်ကို အကြောင်းရင်းတစ်ရပ်အဖြစ် လက်ခံစဉ်းစားသွားသင့်ပေသည်။

**မြောက်ကိုရီးယားရှိ ပြည်တွင်းနိုးရိမ်ပူပန်မှုများ**

မြောက်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် စစ်မက်ဝါဒ သွတ်သွင်းထားသော လူမှုအဖွဲ့အစည်းများအနက်မှ တစ်နိုင်ငံပင်ဖြစ်သည်။ စစ်မက်ဝါဒ သွတ်သွင်းရသည့် အကြောင်းရင်းနှစ်ရပ်တွေ့ရှိရပြီး ပထမတစ်ချက်မှာ မျိုးရိုးစဉ်ဆက် စစ်မှုအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ပြည်သူ အရေအတွက် များပြားနေသောကြောင့်ပင်ဖြစ်သည်။ ဒုတိယတစ်ချက်မှာ စစ်မှုရေးရာသည် ပြည်သူလူထု၏ လူနေမှုဘဝတွင် အရေးပါသောယဉ်ကျေးမှုအဖြစ် နေရာယူထားသောကြောင့်ပင်ဖြစ်သည်။

မြောက်ကိုရီးယားစစ်ဘက်ကို တိုင်းပြည်အတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် လေးစားတန်ဖိုးထား မြတ်နိုးကြသည်။ နိုင်ငံပိုင်မီဒီယာသည် ဒုံးကျည်စမ်းသပ်မှုများ အောင်မြင်မှုမရှိသည့်တိုင်အောင် စစ်ဘက်ကိုပြစ်တင်ဝေဖန် ထုတ်လွှတ်ခြင်းမရှိပေ။ မြောက်ကိုရီးယားရုပ်သံ၏ ညနေပိုင်းဖျော်ဖြေရေးအစီအစဉ်များသည် စစ်ဘက်၏ စုဖွဲ့တေးသီချင်းသီဆိုမှု အစီအစဉ်များနှင့် အောင်မြင်စွာပြီးဆုံးသွားသော သင်တန်းဆင်းအစီအစဉ်များကိုသာ ထုတ်လွှင့်ပေးလျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံ စတင်ထူထောင်ခဲ့သည့် စက်တင်ဘာ ၉ ရက်ကဲ့သို့ နှစ်ပတ်လည် ရုံးပိတ်ရက်နေ့များ၌ပင်လျှင် စစ်ရေးပြအခမ်းအနားဆိုင်ရာသတင်းများနှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ပြုလုပ်ခဲ့သည့် နျူကလီးယားစမ်းသပ်မှု အောင်မြင်ခြင်းကဲ့သို့သော စစ်ဘက်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုသတင်းများကိုသာ ထုတ်လွှင့်ပြသလျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံ၏ GDP ၂၅ ရာခိုင်နှုန်းခန့်ကို စစ်ဘက်ဆိုင်ရာအသုံးစရိတ်များအတွက် သုံးစွဲနေသည်ဆိုသော ခန့်မှန်းတွက်ချက်မှုများရှိနေသည့်အပြင် စစ်ဘက်ဆိုင်ရာအောင်မြင်မှုများကို မီဒီယာများမှထုတ်လွှင့်လျက် အသုံးစရိတ်များကို ပိုမိုသုံးစွဲလျက်ရှိသည်။ သို့သော် အနောက်နိုင်ငံများသည် ငြိမ်းချမ်းချိန်နှင့်စစ်မက်ဖြစ်ပွားချိန်တို့တွင် ကာကွယ်ရေးအသုံးစရိတ်ကို တိုင်းပြည် GDP ၏ တစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းခန့်သာ သုံးစွဲလျက်ရှိသဖြင့် စစ်ဘက်အပေါ် ရှုမြင်သည့်ယဉ်ကျေးမှုသည် များစွာကွဲပြားလျက်ရှိသည်။

ထို့ကြောင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အနေဖြင့် မိသားစု၏စိုးစံမှုအာဏာ ဆက်လက်ထိန်းသိမ်းထားရှိသွားလိုလျှင် ပြည်တွင်းဖိအားများကိုလည်း ရင်ဆိုင်ရမည်ဆိုသောအချက်ကို အသိအမှတ်ပြုသွားသင့်ပေသည်။ ၎င်းအနေဖြင့် အမျိုးသားရုံးပိတ်ရက်များတွင် စစ်ဘက်ဆိုင်ရာအောင်မြင်မှုများကို ဂုဏ်ယူဝံ့ကြွားစွာ ထုတ်ပြန်ကြေညာသည့်မိန့်ခွန်းများပြောကြားလျက် ပြတ်သားသော ရပ်တည်ချက်ကို ပြသသွားရန်လိုအပ်သည်။ ထိုအခြေအနေသည် ၎င်း၏ဖခင်နှင့် အဘိုးတို့ထံမှ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ဆက်ခံထားရသော အမွေတစ်ရပ်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ကိုရီးယားကျွန်းဆွယ်အရေးနှင့်စပ်လျဉ်း၍ ဖခင်နှင့် အဘိုးတို့၏ ထိုရပ်တည်ချက်ကို ပြောင်းလဲသွားလိုသည့်ဆန္ဒမရှိဘဲ ခိုင်မာပြတ်သားစွာ ဆွဲကိုင်ထားလျက်ရှိပေသည်။

❖ ယွန်ဆွတ်ယိုးသည် မြောက်ကိုရီးယား၏ ကျူးကျော်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး တောင်ကိုရီးယားစစ်ဘက်၏စွမ်းဆောင်ရည်နှင့်စပ်လျဉ်း၍လည်း အကျပ်အတည်းကြုံတွေ့နေရပြီး နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ရေးအတွက် ဘတ်ဂျက်တိုးမြှင့်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံရေးစနစ် ကန့်သတ်ချက်ကြောင့် မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးအတက်အကျဖြစ်နေသော တောင်ကိုရီးယားနိုင်ငံအနေဖြင့် ပြန်လည်ပေါင်းစည်းမှုအလားအလာ ဆိတ်သုဉ်းသွားပြီဆိုသော မြောက်ကိုရီးယား၏ဆုံးဖြတ်ချက်ကို အကြောင်းရင်းတစ်ရပ်အဖြစ် လက်ခံစဉ်းစားသွားသင့်ပေသည်။ ❖

**ကိုးကား**

- **Why N Korea no longer wants to reunite with the South By Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# အဲငြိမ်းသာ၏ ရေအောက်မှာလေ ဝတ္ထုတိုကိုလေ့လာခြင်း

**ပုသိမ်အောင်သန်းဦး**

“ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ရှုံးတဲ့ အင်္ဂလိပ်သင်္ဘောတွေ စစ်ဆုတ်ရာမှာ ဖောက်ခွဲနှစ်မြှုပ်ဖျက်ဆီးပစ်ခဲ့တဲ့ သင်္ဘောတွေက အများကြီး. . .။ ဟောဒီ မြစ်ရိုးတစ်လျှောက် သင်္ဘောတွေထပ်နေတာပဲ။ ဒါပေမဲ့ သားရယ်. . . စစ်ဆုတ်တဲ့ခရီးနောက်ကိုမလိုက်နိုင်ဘူး ထင်တဲ့ အသက်ကြီးတဲ့လူအိုလူမင်းတွေ၊ အသက်ငယ်တဲ့ ဥမမည်စာမမြောက်အရွယ်တွေကို သင်္ဘောတွေနဲ့အတူ ဖောက်ခွဲနှစ်မြှုပ်ခဲ့ကြတာ အမေတို့အမြင်ပါပဲ သားရယ်. . .။

ကသာမြို့အနီး ဧရာဝတီမြစ်ကြီးအောက်တွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အင်္ဂလိပ်တို့ ဖျက်ဆီးနှစ်မြှုပ်ခဲ့သည့် သင်္ဘောပျက်များ များစွာရှိသည်။ အဆိုပါ သင်္ဘောပျက်တူးဖော်ရေးလုပ်ငန်းများတွင် အရင်းအနှီးသိန်းချီ၍ လုပ်ကိုင်နိုင်သော လုပ်ငန်းရှင်များမှာ မြေပုံနှင့်တကွ သက်ဆိုင်ရာထံ လေလံဆွဲရသည်။

ရေအောက်တွင်နစ်မြှုပ်နေသည့် သင်္ဘော၊ မြေတွင်နစ်နေသည့်သင်္ဘော၊ ရေအောက်၌ ဖောက်ခွဲခံခဲ့ရသည့် သင်္ဘောပျက်များကို ရေစုပ်စက် အများအပြားဖြင့် စုပ်ထုတ်နိုင်ရန် သင်္ဘောပျက်အပေါက်၊ အအက်များကို ဖာထေးပိတ်ဆို့ပြီး ဝမ်းခေါင်းပေါက်ကြီးများကို သစ်သားမျောတိုင်၊ ဖျဉ်ပြားတို့ဖြင့် ဇလားရိုက်၍ ဝမ်းခေါင်းထဲမှ ရွံ့များ၊ နွံများ၊ စနယ်များကိုစုပ်ယူထုတ်ပစ်ကြသည်။ မြစ်ရေနည်းချိန်ကာလတွင် အချိန်မီစုပ်ထုတ်နိုင်ကြပါမှ ဝမ်းခေါင်းထဲရှိရွံ့များကုန်သည်နှင့် သင်္ဘောပျက်မှာ ရေပေါ်သို့အလိုက်သင့်ပေါ်လာလေသည်။ တူးဖော်ပြီးသည့်သင်္ဘောများကို မန္တလေးနှင့် ရန်ကုန်သို့ သယ်ဆောင်သွားကြသည်။

ဤသည်မှာ ဆရာအဲငြိမ်းသာက ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အင်္ဂလိပ်နယ်ချဲ့တို့ စစ်ပြေးရင်းနှစ်မြှုပ်ခဲ့သည့် သင်္ဘောများအခြေအနေနှင့် သင်္ဘောများ ပြန်လည်ဆယ်ယူနေကြပုံကို အကြမ်းဖျင်းပြောပြထားခြင်းဖြစ်သည်။

သူ့ဝတ္ထုထဲတွင်ပါဝင်ကြသည့် ဇာတ်ဆောင် နီတွတ်၊ ကိုမြဆောင်၊ တင်စိုး၊ တင်ခဲတို့မှာ အဆိုပါရေအောက်ရှိ သင်္ဘောပျက်ကြီးမှ သံတိုသံစ၊ စက်ကိရိယာများကို ဖြုတ်ယူ၊ ဖြတ်ယူရသည့် အလုပ်သမားများဖြစ်သည်။ သက်စွန့်ဆံဖျားရေငုပ်၍ သံဟောင်း၊ ကြေးဟောင်းဈေးဖြင့် ပြန်ရောင်းရသောလုပ်ငန်းသာဖြစ်သည်။ အဆိုပါလုပ်ငန်းကို လုပ်ကိုင်စားသောက်နေကြသည့် နီတွတ်တို့ရေငုပ်အဖွဲ့ကို ဆရာအဲငြိမ်းသာက ဤသို့သရုပ်ဖော်ထားသည်။

ကိုမြဆောင်နှင့် တင်စိုးမှာ လေဘူးကို အချက်မှန်မှန်ထိုးပေးနေသည်။ နီတွတ်သည် ရေအောက်ထဲသို့ ငုပ်ဆင်းသွားပြီဖြစ်သော တင်ခဲ၏လေပိုက်ကို သတိနှင့်ကြည့်နေရသည်။ လေဘူးဆိုသည်မှာ ခြင်ဆေးဖျန်းဘူး၊ ပိုးသတ်ဆေးဖျန်းဘူးတို့ကို အသုံးတည့်အောင် ပြုလုပ်ထားသည့်ဘူးပင်ဖြစ်သည်။ လေဘူးမှတစ်ဆင့် ထိုးလွှတ်လိုက်သည့်လေသည် လေပိုက်တစ်လျှောက်စီးဆင်းသွားကာ ရေငုပ်မျက်နှာဖုံးစွပ်ထားသည့် တင်ခဲ၏ နားထင်ဘေးနားရှိ လေခေါင်းထဲသို့ ဝင်ရောက်သွားရသည်။

ရေအောက်တွင် အလုပ်လုပ်နေသည့် တင်ခဲမျက်နှာတွင် မျက်လုံးနှင့်နှာခေါင်းကို ဖုံးစွပ်ထားသော မှန်မျက်နှာဖုံးမှာ အဆက်မပြတ် ထိုးသွင်းနေသည့် လေရရှိမှုတစ်ခုသာပင်။

ရေအောက်ငါးတောင်ခန့်သာ နေအလင်းရောင်ကိုမြင်ရသည်။ အလုပ်လုပ်ရသည်က အတောင်နှစ်ဆယ်၊ သုံးဆယ်ရေအောက်မှာ ဘာမျှမမြင်ရ။ အေးကျဉ်ကိုက်ခဲသောမြစ်ရေနှင့် မှောင်မည်းပိတ်ဆီးနေသည့် ရေအောက်၌ အသက်တစ်ဝက်ကိုမြှုပ်နှံပြီး လှုပ်ရှားကြရသည်။ သင်္ဘောပျက်ရှိရာသို့ ရေငုပ်သွားကာ သင်္ဘောမှ သံတိုသံစ၊ စက်ကိရိယာများကို ဖြုတ်ယူ၊

> ❖ ရေအောက်တွင် နီတွတ်ဒုက္ခရောက်နေခြင်းကို လေထိုးသမားကသိသည်။ လေ့မှာလမ်းကြောင်းအတိုင်းမသွား တင်းခံနေသည်။ မဖြစ်တော့ အဖွဲ့ခေါင်းဆောင် ကိုမြဆောင် လှေပေါ်မှ ဝုန်းခနဲခုန်ဆင်းသွားသည်။ လေပိုက်ကြိုးကိုဆွဲ၍ အသာငုပ်ရသည်။ သင်္ဘောကြမ်းပြင်အရောက် ကွေ့ပတ်လိမ့်ဆင်းနေသည့် လေပိုက်ကြိုးအတိုင်း စက်ခန်းထဲသို့ဝင်သည်။ လေပိုက်ကြိုးကိုမလွှတ်ရဲ။ ကြိုးလွတ်သွားပါက နီတွတ်ရှိနိုင်သည့်လမ်းစကို မျက်ခြည်ပြတ်သွားနိုင်သည်။ ကိုမြဆောင် စက်ခန်းအရောက် ပက်လက်လန်နေသည့်နီတွတ်ကို စမ်းတွေ့ရပြီ။ မျက်နှာဖုံးကို စမ်းကြည့်လိုက်သည်။ မျက်နှာဖုံးမှန်ကွဲနေပြီ။ လက်သွေးကြောကိုစမ်းကြည့်သည်။ ကိုမြဆောင် တုန်လှုပ်သွားသည်။ ❖

ဖြတ်ယူရသောအလုပ်မှာ မလွယ်သော်လည်း ဝမ်းတစ်ထွာအတွက် လုပ်ကိုင်နေကြရသည့် ရေငုပ်သမားတို့၏ဘဝကို ဆရာအဲငြိမ်းသာက သရုပ်ဖော်ထားသည်။

ရေအောက်တွင် အလုပ်လုပ်နိုင်သည့် အချိန်မှာ မိနစ်နှစ်ဆယ်မျှသာလုပ်နိုင်သည်။ အအေးဒဏ်ကို စိမ့်နေအောင်ခံစားရသည်။ ရိုးတွင်းခြင်ဆီထိ ကိုက်ခဲလာတတ်သည်။ ငုပ်နေကျသူ၊ ငုပ်သက်ရင့်သူများပင် နာရီဝက်မငုပ်နိုင်ကြ။ နားထဲမှသွေးထွက်လာတတ်သည်။ သူတို့တွေ ရေအောက်တွင်လွှ၊ စို့၊ တူ စသည်တို့ဖြင့် ရေအောက်ရှိ သင်္ဘောပျက်တွေမှ သံပေါင်၊ လက်ရန်း၊ ဟင်ဂလိုင်း၊ သံကွပ်၊ သံပိုက်ဟောင်း၊ ကြေးပိုက်ဟောင်း စသောပစ္စည်းများကို ရေပေါ်သို့ရောက်အောင်ဖြတ်တောက်ကြရသည်။

ဆရာအဲငြိမ်းသာသည် သူ့ဇာတ်ကောင် နီတွတ်ရေအောက်ရှိ သင်္ဘောပေါ်သို့ ဆင်းသွားကာ လှုပ်ရှားမှုသရုပ်ကို ဤသို့ဖွဲ့ပြထားသည်။

နီတွတ် သင်္ဘောကြမ်းပြင်သို့ရောက်ကြောင်း လေပိုက်ကြိုးကို အချက်ပြလှုပ်ရှားလိုက်သည်။ နီတွတ်မှာ မှောင်မည်းသိပ်သည်း၍ အေးကျဉ်လှသည့် ရေထုထဲတွင် တွားသွား၍တစ်ဖုံ၊ ခြေဖျားယက်၍ တစ်မျိုး သင်္ဘောဝမ်းခေါင်းရှိ စက်ခန်းရှိရာဆီသို့ သွားနေသည်။ ဝမ်းခေါင်းပေါက်ကိုစမ်းမိသည်နှင့် ဖြည်းညင်းစွာလျှောဆင်းလိုက်သည်။ အောက်ခန်းရောက်သည်နှင့် စက်ခန်းရှိရာကို ကူးခပ်ခဲ့သည်။ တွေ့ပြီ။ လေပိုက်ကြိုးကိုမရှုပ်စေရန် နေသားတကျပြင်လိုက်သည်။ လက်တစ်ဖက်ဖြင့် ဝိုင်ကူလာ (လေအိုး)ကိုစမ်းမိသည်။ ပထမအထိုင်မူလီမှာ ကိုကြီးမြဆောင်ဖြုတ်ခဲ့ပြီ။ နီတွတ် အနေအထားကျအောင်ထိုင်ပြီး ခြေထောက်နှစ်ဖက်ကို အားပြုကန်စရာစမ်းပြီးသည်နှင့် ခွရှင်ကို မူလီခေါင်းတွင် ညှစ်ကျပ်လိုက်သည်။ ပြီး တဖြည်းဖြည်းအားပြုပြီး ဆွဲလှည့်သည် မရ၊ မူလီခေါင်းမှာ တင်းခံနေသည်။

ဒုတိယအကြိမ်အားသွင်းလိုက်သည်။ မူလီခေါင်းမှာ အလိုက်သင့်မလိုက်လာ။ မရသည်နှင့် တူဖြင့်ဆက်ထုပေးလိုက်သည်။ တတိယအကြိမ်လှည့်မှ အရစ်လျော့လိုက်လာသည်။ နီတွတ် ဖြည်းဖြည်းချင်းကြိတ်ဆွဲသည်။ ရေမှာ ပို၍အေးလိုက်လာသလို ခေါင်းကလည်းဆစ်ခနဲကိုက်လာသည်။ နောက်တစ်ကြိမ်ဆွဲသည်။ အလိုက်သင့်လျော့လာပြီးမှ ပြန်ကျပ်သွားပြန်သည်။ နီတွတ် အားကုန်လှည့်လိုက်သည်။

အားပြုကုပ်ခြစ်ထားသောခြေဖျားမှာ လွတ်ထွက်သွားသည်နှင့် ညှပ်ထားသောခွရှင်လည်းပြုတ်ထွက်သွားသည်။ နီတွတ်မှာ လိမ့်ထွက်လွင့်စဉ်သွားသည်။

ရေအောက်ဆင်းရေငုပ်သမား နီတွတ်အလုပ်လုပ်ပုံကို ဆရာအဲငြိမ်းသာက စေ့စေ့စပ်စပ်ဖော်ကျူးထားသည်ကို ဖတ်ရသည်။

ရေအောက်တွင် နီတွတ်ဒုက္ခရောက်နေခြင်းကို လေထိုးသမားကသိသည်။ လေ့မှာလမ်းကြောင်းအတိုင်းမသွားတင်းခံနေသည်။ မဖြစ်တော့ အဖွဲ့ခေါင်းဆောင် ကိုမြဆောင် လှေပေါ်မှ ဝုန်းခနဲခုန်ဆင်းသွားသည်။ လေပိုက်ကြိုးကိုဆွဲ၍ အသာငုပ်ရသည်။ သင်္ဘောကြမ်းပြင်အရောက် ကွေ့ပတ်လိမ့်ဆင်းနေသည့် လေပိုက်ကြိုးအတိုင်း စက်ခန်းထဲသို့ဝင်သည်။ လေပိုက်ကြိုးကို မလွှတ်ရဲ။ ကြိုးလွတ်သွားပါက နီတွတ်ရှိနိုင်သည့်လမ်းစကို မျက်ခြည်ပြတ်သွားနိုင်သည်။ ကိုမြဆောင် စက်ခန်းအရောက် ပက်လက်လန်နေသည့်နီတွတ်ကို စမ်းတွေ့ရပြီ။ မျက်နှာဖုံးကို စမ်းကြည့်လိုက်သည်။ မျက်နှာဖုံးမှန်ကွဲနေပြီ။ လက်သွေးကြောကိုစမ်းကြည့်သည်။ ကိုမြဆောင် တုန်လှုပ်သွားသည်။

နီတွတ်ကို ချိုင်းအောက်မှပွေ့ထူလျက် ပခုံးဖြင့် ထမ်းတင်လိုက်သည်။ ဝမ်းခေါင်းပေါက်ရောက်အောင် ထုတ်ယူလိုက်သည်။ သင်္ဘောကြမ်းပြင်ရောက်သည်နှင့် လှေဆိုက်ထားသည့် ကြိုးရှိရာသို့ ဖြည်းဖြည်းချင်း စမ်း၍သွားရသည်။ လူတစ်ကိုယ်လုံးသယ်ရသည်မို့ ကိုမြဆောင် မောနေပြီ။

ကြိုးကိုစမ်းမိသည်နှင့် အားတစ်ချက်တင်းလိုက်သည်။ ကိုမြဆောင်လက်တစ်ဖက်က ကြိုးကိုကိုင်လျက် ခြေနှစ်ဖက်ဖြင့် ယက်တင်ရသည်။ အတောင်သုံးဆယ်၊ လေးဆယ်မျှရှိသည့်ရေအောက်က သယ်မဆွဲတင်ရသည့်အဖြစ်မှာမလွယ်။ ခရီးတစ်ဝက်ကျိုးသည်နှင့် အားတစ်ချက်တင်းလိုက်သည်။ ရေပေါ်မှ အလင်းတန်းဖျဖျမြင်နေရပြီ။ တစ်ချက်ရုန်းတင်လိုက်သည်နှင့် လှေဦးမှာ ဘွားခနဲပေါ်လာခဲ့သည်။ ကိုမြဆောင် လှေနံကို စမ်းဆွဲလိုက်သည်။ တင်စိုးနှင့်တင်ခဲ နှစ်ယောက် နီတွတ်ကိုဆွဲတင်လိုက်သည်။

“နီတွတ်. . . နီတွတ်. . . မင်းအမေကို ဘယ်လိုပြောရမလဲကွာ”

“နီတွတ်. . . ဟေ့ကောင် နီတွတ်၊ ဆိုလေအုံးကွာ သူငယ်ချင်း မင်းဆိုနေကျသီချင်းလေ။ ရေအောက်မှာ. . ရေအောက်မှာ. . ရေအောက်မှာ. . လေ. . .။

ဆရာအဲငြိမ်းသာ၏ လက်ရာကောင်းဝတ္ထုတိုတစ်ပုဒ်ပါ။ အမှတ် ၃၆ စပယ်ဦး မြန်မာဝတ္ထုတိုမဂ္ဂဇင်း ၁၉၈၇ ခုနှစ် ဩဂုတ်လထုတ်တွင်ပါရှိခဲ့သည့် ဝတ္ထုတိုပါ။ သူ၏နွေလွန်ရွက်ကြွေနှင့် ဘဝဒဿန၊ ရသဝတ္ထုတိုပေါင်းချုပ်တွင်လည်း ထပ်မံဖော်ပြထားသည်။

ဆရာအဲငြိမ်းသာ၏ အမည်ရင်းမှာ ဦးငြိမ်းလွင်ဖြစ်သည်။ ၁၉၅၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် အဖ ဦးကာ၊ အမိ ဒေါ်သန်းခင်တို့က ကသာမြို့တွင်မွေးဖွားခဲ့သည်။ ကသာမြို့ အထက(၁) တွင် တက္ကသိုလ်ဝင်တန်းထိ ပညာသင်ကြားခဲ့သည်။

ရန်ကုန် စာပေလောကသို့ စပယ်ဦးလက်ရွေးစင်ဝတ္ထုများ၌ “ရေအောက်မှာလေ” ဝတ္ထုတိုဖြင့် ဝင်ရောက်လာခဲ့သည်။ ရုပ်ရှင်မျက်မှန်၊ ရွှေဝတ်မှုံ၊ ရုပ်ရှင်တေးကဗျာ၊ သရဖူ၊ စာပေဂျာနယ်၊ နွယ်နီ၊ စတိုင်သစ်၊ ချင်းတွင်း၊ ပန်းအလင်္ကာ၊ ချယ်ရီ၊ ကလျာ၊ အလင်္ကာဝတ်ရည်၊ မဟေသီ၊ အောင်ပင်လယ်မဂ္ဂဇင်းတို့တွင် ကဗျာ၊ ဆောင်းပါး၊ အက်ဆေးများနှင့် ကတူး၊ ကနန်း၊ ရှမ်း၊ မြန်မာတို့၏ယဉ်ကျေးမှုဓလေ့ထုံးစံကျေးလက်ကဗျာများ၊ ဆောင်းပါးများ၊ ဝတ္ထုများရေးသားခဲ့သည်။

၂၀၀၁ ခုနှစ် ဆရာကြီး ဦးသုခ၏ အမေနေ့ အထိမ်းအမှတ် ဝတ္ထုရှည်ပြိုင်ပွဲတွင် “လရောင်ရဲ့ ချည်တိုင်” ဝတ္ထုရှည်ဖြင့် ဆုရခဲ့သည်။

မန်လည်ဆရာတော်ကြီး၏ တာဝတိံသာစေတီကြီး နှစ်တစ်ရာပြည့်မဂ္ဂဇင်း၊ မာယဒေဝလင်္ကာသစ်ရာပြည့် မဂ္ဂဇင်း၊ ကသာ အထက (၁) ရာပြည့်မဂ္ဂဇင်း၊ အလက(၁) ရွှေရတုမဂ္ဂဇင်းတို့တွင် တာဝန်ခံစာတည်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**ကိုးကား**

**– အဲငြိမ်းသာ၏ နွေလွန်ရွက်ကြွေ ဘဝ၊ ဒဿန၊ ရသဝတ္ထုတိုပေါင်းချုပ်မှ ရေအောက်မှာလေဝတ္ထု**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers speech at SAC Meeting 2/2024


Senior General Min Aung Hlaing addresses SAC Meeting 2/2024.

**Nay Pyi Taw March 29**

The State Administration Council meeting 2/2024 took place at the meeting hall of the Chairman of the State Administration Council Office in Nay Pyi Taw this afternoon, with an address by SAC Chairman Prime Minister Senior General Min Aung Hlaing.

The meeting was also attended by SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Secretary Lt-Gen Aung Lin Dwe, Joint Secretary Lt-Gen Ye Win Oo, council members and officials.

First, the Senior General delivered a speech, saying that in the economic sector, development of the nation can be seen with GDP in previous financial year. In reviewing it, the country faced starting of economic decline in 2018. The SAC could pull up the State economy from the minute to the plus trend since its establishment. But, it needs to achieve deserved success as expected. Primarily, economic development of the nation depends on incomes from trade and non-trade processes. The incomes from trade process comprise manufacturing of products and production of natural resources. So, it is important to manufacture products.

With regard to manufacturing and trading, Myanmar has been exporting domestic products and natural resources to foreign trade partners from time of post-independence era to date. The statistics showed the foreign trade volume was larger in the Tatmadaw government period (2007-2008) and the multiparty democratic government period (2009-2010). In its time, the current government has been emphasizing production of agriculture and livestock sectors concerning the majority of citizens and the most fundamental situation of manufacturing in the nation. Hence, the Senior General recounted he himself encouraged all to meet the target production of paddy, pulses and beans, oil crops and industrial crops.

Western countries have imposed economic, trade and financial sanctions against Myanmar politically. Although Myanmar exports oil and natural gas to China and Thailand, these western countries ban the rights of Myanmar not to spend the incomes from export of oil and natural gas. But, the government could develop the nation to some extent amid these difficulties. During the three-year period, Myanmar could pay back US$2.2 billion of foreign debts. The majority of these debts were based on capital finance borrowed by previous successive governments.

Efforts to boost agricultural produce depend on expansion of sown acreage, increase of target production, and increase of per-acre yield in double cropping. The government is specially striving for boosting production to meet the target and expansion of double cropping to rising per-acre yield. Some firm evidences can be showed to enhance State economy by boosting target production. Myanmar has more than 14 million acres of monsoon paddy. Monsoon paddy is expected to yield 100 baskets per acre. But, monsoon paddy produced more than 78 baskets per acre of monsoon paddy in 2023-24 financial year, declining 22 baskets than the target. So, it can be said that yield of some 300 million baskets of paddy would decline. If so, such decline may be valued at some K7,000 billion of incomes. It is just an example. So, if other main crops such maize, pulses and beans and other crops can meet the target production, the State economic will increase much. If double cropping can be extended again, it is noticeable that State economy and socioeconomic life of the people will be higher. Myanmar, endowed with a large area of cultivable lands, possesses farmlands for double cropping and favourable weather. If such two points can be thoroughly implemented, Myanmar can stand tall as an agriculture power country in taking a deserved position in the food security sector. As such, all council members have to cooperate in these measures with utmost efforts.

Some 70 per cent of Myanmar people reside in rural area. Of them, 41 per cent of rural population is engaged in agriculture, livestock, fishery and forestry sectors. Agriculture and livestock sectors are sure in production. Likewise, developed and developing countries are operating MSME businesses. In this regard, as Myanmar is engaged in manufacturing sector based on agriculture and livestock industries, it is necessary to manufacture value-added products in the agro-based industry. If existing sound foundations and human resources are utilized for development of agriculture and livestock, production will change. So, it is necessary to improve livestock sector. Development of quick win process such as agriculture and livestock sectors will contribute to development of manufacturing.

The Senior General stressed the need to allow extraction and sale of underground and aboveground natural resources and forest resources under relevant disciplines. Due to being plentiful timber and bamboo used in production of paper, Myanmar has to grow trees in vacant areas. Likewise, straws from paddy cultivation can be efficiently used as pulp and feedstuffs, these can benefit the country. Hence, council members have to encourage farmers in relevant regions for exerting their efforts in works and sharing knowledge with them. Likewise, efforts must be made for booming the tourism industry which can contribute to development of State economy.

In the measures of peace and stability, some terror acts happen in some areas. The government will continue peace and stability of the whole nation. Preparations are being made to hold the election and it is a must. Emphasis is being placed on enumeration of census for emergence of firm voter list. Currently, the government is striving for ensuring systematic multiparty democratic system. Armed terror acts cannot be deployed on the route of democracy.

Council members reported on development for agriculture tasks, needs of farmers, plans for sharpening patriotic spirit of student youths during the long summer holidays, development of tourism industry and fostering peace and stability in relevant regions.

The SAC Vice-Chairman Deputy Prime Minister discussed quick process of restoring peace and stability in the regions with public participation.

In conclusion, the Senior General reviewed all discussions, and stressed the need for people from the regions with needs of peace and stability to join hands with security forces as public participation is of importance in restoring peace and stability. Parents and guardians have to encourage student youths to efficiently utilize long school holidays and culture better spirit. The government will provide necessary for them and concluded the meeting.

100

# Reinvestigation: What, if anything, has U.S. gained from its trade war with China?

**Beijing March 29**

Though clashing in many ways, the current U.S. administration and its Republican predecessor have one thing in common: the trade war against China.

As recently as February, U.S. utility company Duke Energy, under pressure from Congress, reportedly planned to remove Chinese battery giant CATL from a Marine Corps base over "national security concerns," a well-tried pretext of the Joe Biden administration to contain China -- from discriminatory policies like the Inflation Reduction Act and the CHIPS and Science Act, to tariffs, export controls and investment reviews, to name but a few.

It's a continuation of the policies spearheaded by Donald Trump, Biden's predecessor. Since March 2018, Trump has imposed tariffs on Chinese imports valued at 370 billion U.S. dollars, and restricted Chinese investment. Amid the escalating trade frictions, he also included Huawei and its 114 affiliates in a blacklist of entities in May 2019.

Xinhua


This photo taken on Jan. 2, 2024 shows a container ship named "WAN HAI 357" berthing at the Dalian port in northeast China's Liaoning Province.

# Final and prize-presentation ceremony of 2024 inter-State/Region U-25 Men's Football Tourney held

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing presents prizes




Senior General Min Aung Hlaing watches the final of 2024 inter-State/Region U-25 Men's Football Tourney.

**Nay Pyi Taw March 29**

Final and prize-presentation ceremony of 2024 inter-State/Region U-25 Men's Football Tourney was held at Wunna Theikdi Football Stadium here this evening, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, who gave away prizes.

Also present were Joint SAC Secretary Lt-Gen Ye Win Oo, SAC members, union ministers, the Nay Pyi Taw Council chair, senior military officers, the Nay Pyi Taw Command commander, deputy ministers, managers, coaches and athletes of sports teams from regions and states, officials and staff of ministries, officials of Myanmar Football Federation and sports enthusiasts.

Kachin State team and Yangon Region team met in the final. Although the two finalists put pressure on each other in the entire regular time, the match ended in a goalless draw. During the extra time, Yangon Region team got the opening goal in the 4th minute. Kachin State teams played with all-out efforts and scored the equalizer in the 24th minute. In the penalty shootout, Yangon Region team won with a 3-2 result.

At the prize-presentation ceremony, SAC members U Yan Kyaw, Khun San Lwin, Dr Ba Shwe, Dr Hmu Htan and Mahn Nyein Maung presented medals, honorary awards and cash awards to best players, SAC member Daw Dwe Bu, to fourth-prize winner Union Territory Nay Pyi Taw team, SAC member Lt-Gen Yar Pyae, to third-prize winner Kayin State team, and General Mya Tun Oo, to runner-up team.

The Joint SAC Secretary presented individual medals to first prize winner Yangon Region team.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing presented honoray cash award and championship trophy to Yangon Region team and cordially greeted the footballers.

The U-25 football tourney was held to promote Myanmar football and produce outstanding national selections. It started on 15 March. 100




Senior General Min Aung Hlaing presents a cash award to the winning team.



A player receives a medal and cash award.



A player receives a medal and cash award.




A player receives a medal and cash award.



A player receives a medal and cash award.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Ambassador of India to Myanmar


Senior General Min Aung Hlaing receives Ambassador of India to Myanmar H.E. Mr. Vinay Kumar.


Senior General Min Aung Hlaing and the Indian Ambassador exchange gifts.

**Nay Pyi Taw March 29**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received Ambassador of India to Myanmar H.E. Mr. Vinay Kumar, who is leaving country after his tern of duty, at the parlour of the Office of the State Administration Council in Nay Pyi Taw this morning.

During the call, they frankly discussed view on promotion of bilateral relations, trade and cooperation in economy and investment, pharmaceutical production in other fields, friendship between the two armed forces, cooperation in the security and defense sector, cooperation in the steel and cotton production sector, health assistance offered for the people of Myanmar and the Tatmadaw, stability of peace and stability in border areas and preparations for continued democratic path for Myanmar and a free and fair election in Myanmar.

Also present at the call together with the Senior General were Joint Secretary of the SAC Lt-Gen Ye Win Oo and Deputy Prime Minister Union Minister for Foreign Affairs U Than Swe and officials. 100

# Eggplant which flows from plain and hilly regions marketable in Mandalay

**Mandalay March 29**

Eggplant from plain and hilly regions flows into Thiri Marlar green grocery market in Aungmyethazan Township of Mandalay with high demand, according to local eggplant depots.

About six truckloads of eggplantes enter Mandalay market on a daily basis. At present, eggplant fetches K200 to K300 per viss, said U Aung Moe Naing, owner of Aung brokerage in Mandalay.

"Eggplantes from plain and hilly regions enter the domestic market in Mandalay. Now, trading of eggplant is high. Aungban and Kyaukse regions produce eggplants but other regions do not produce it yet. Other green groceries are regularly flowing into the market," he explained.

In addition, other green groceries such as cauliflower, cabbage, bean, white mustard, tomato, potato and onion are being traded in the domestic market as usual. 185

# Registration of manufacturing exceeds the target this financial year

**Mandalay March 29**

U Win Bo, director of Mandalay Region Small-scale Industries Department, said that the department registered small-scale and manageable-scale industries in Mandalay Region exceeding the target of the department this financial year for manufacturing products.

The department allowed registration of 293 foodstuff industries, 11 clothing industries, 10 accommodation industries, 67 personal goods industries, three household industries, nine raw material industrials, 17 agricultural produce industries, six minerals industries, 26 transport vehicle assembling industries, 11 electronic industries, 11 machinery industries, and 126 general small-scale industries, totalling 590.

"We slated to register 445 industries of businesspersons this financial year but we have allowed registration of 590 industries. It aims to emerge small-scale industrial businesspersons in the region. So, we allow registration for manageable scale businesspersons to legally produce products in relevant areas," he explained.

In Mandalay Region, the department allows registration for the industries using 5Hp power with nine workers and more than three workers to operate handiworks, foodstuffs, personal and cosmetic industries, weaving, Myanmar traditional handicraft industries, and agro-based industries. 185


Traditional handicrafts being made.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Thanks to local ethnic people, security forces reclaim Hsihseng Town shortly, begin rehabilitation and cash assistance


Major General Naing Naing Oo present cash assistance to departmental staff and local people.

**Nay Pyi Taw March 29**

Hsihseng Town, nestled 3,310 feet above sea level in Shan State (South), is a peaceful haven for the PaO ethnic people. Bordering Hopon Township to the north, Maukme Township to the east, and Phegon, Nyaungshwe, and Taunggyi townships to the west, it sits at the crossroads of several regions.

Since February 16, armed groups affiliated with the KNPP, KNDF, and PDF have entered Hsihseng Township in Shan State (South), an area traditionally inhabited by the PaO people. This influx has disrupted the region's previous peace and stability. These groups, allegedly acting under the influence of the PNLO, have infiltrated PaO villages in Hopon and Menetaung townships as well as Hsihseng disguised as civilians. They have been attacking military bases, security force headquarters, burning houses in villages, and harassing or harming local residents. The situation escalated due to alleged forced looting of property belonging to ethnic groups. Clashes erupted between the armed groups and security forces, displacing local residents who have sought refuge in safer areas.

Following 32 days of combined efforts by local military personnel, ethnic militia forces, and residents to combat insurgents, stability has returned to Hsihseng Township. To revitalize the villages, a collaborative effort is underway. Myanmar police, government department staff, ethnic militia forces, and local communities are engaged in comprehensive rehabilitation activities, including cleaning initiatives. Relevant officials are also providing essential supplies and financial assistance.

Despite ongoing mine detonations and arson attacks by insurgents in some areas, rehabilitation efforts are underway in Hsihseng. Myanmar police, government department staff, and ethnic militia forces are working to restore residential areas and vital infrastructure, including religious sites, healthcare facilities, and schools, that were damaged in the violence. Major General Naing Naing Oo from the Office of the Commander-in-Chief (Army), along with the Eastern Command commander and other officials, visited the affected areas to assess the situation and address local needs.

Major General Naing Naing Oo, along with the Eastern Command commander and other officials, met with local ethnic communities and government department staff. During the meeting, they coordinated relief efforts, provided donations to the city's renowned Mwaydaw Pagoda, and offered cash assistance to both departmental staff and security forces.

The previously peaceful Hsihseng region, home to the PaO ethnic group, has faced disruption due to the violent actions of the PNLO group. The PNLO, involved in arms smuggling, has been linked to recent weapons seizures. On December 17, 2023, security forces intercepted a vehicle traveling from Sanin Village to Pinbyit Village. The vehicle contained 499 Type-81 weapons, 498 bullet casings, and related accessories. In a separate incident on January 20, 2024, five vehicles carrying weapons were apprehended in Sanphu Village. Security forces seized 504 various weapons, 10 RPGs, and 6 107 mm shock missiles. The group set fire to the vehicles in an attempt to destroy some of the ammunition.

The PaO Self-Administered Zone in Shan State (South) experienced a period of unrest following clashes between security forces and armed groups affiliated with the NUG, KNPP, KNDF, and KPDF. Tensions arose due to accusations of collaboration with authorities regarding weapons smuggling. These accusations targeted members of the PaO ethnic group, despite them being the dominant ethnicity in the region. Starting on February 21, surprise attacks were launched against security forces, disrupting stability and peace in the region. The attacks targeted Union Road, a critical transportation route. Security forces responded with counterattacks, leading to 16 encounters. By February 29, security forces had regained full control of Union Road. Passenger and cargo transportation, which had been temporarily halted on March 1, resumed normal operations.

The PaO Self-Administered Zone administration credits the swift resolution of the recent unrest to the cooperation between security forces and a significant portion of the PaO ethnic communities. This collaboration facilitated a swift response to the situation.

Despite the signing of the Nationwide Ceasefire Agreement (NCA), recent unrest in Hsihseng Town has highlighted tensions. Some groups within the PNLO appear to have been influenced by external actors and have taken actions harmful to the PaO people. In response, a significant portion of the PaO ethnic community from surrounding villages joined forces with security forces and local militia on February 27. Clashes ensued and they recaptured Hokhe Monastery and the hospital on February 28, the hospital staff housing and the police station on March 2, Mwaydaw Pagoda on March 13, Sanphu Village on March 18, Kyaukkacha on March 19 and the intersection of Phayaphyu, regaining control of Hsihseng Town. Unfortunately, these clashes resulted in injuries among security forces, local militia, and some members of the armed groups. It is also reported that weapons and ammunition were confiscated during the conflict.

The rapid restoration of normalcy in Hsihseng is attributed to the collaborative efforts of the local population, security forces, and local militia. Their combined actions prioritized the well-being of the region.


Tatmadaw members, MPF members, departmental staff, local militiamen and local people collectively clearing debris in Hsihseng.



Tatmadaw members, MPF members, departmental staff, local militiamen and local people collectively clearing debris in Hsihseng.


Photo shows the Township People's Hospital in Hsihseng vandalized by PNLO, KNDF and PDF.


Photo shows the General Administration Department in Hsihseng vandalized by PNLO, KNDF and PDF.

၂၃ ရှေ့မှအဆက်

မိမိတို့နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် ယခင်အနုတ်ပြခဲ့သည့်စီးပွားရေးမှ အပေါင်းလက္ခဏာသို့ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော် မျှော်မှန်းသလောက် တိုးတက်မှုရှိရန် လိုအပ်သေးသည်ကို တွေ့ရကြောင်း၊ အဓိကအားဖြင့် နိုင်ငံ၏စီးပွားရေးတိုးတက်ရန်မှာ ကုန်သွယ်မှုလုပ်ငန်းမှ ရငွေနှင့် ကုန်သွယ်မှုမဟုတ်သော လုပ်ငန်းများမှ ရငွေဟူ၍ အပိုင်းနှစ်ပိုင်းရှိမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများမှရငွေ၌ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် သယံဇာတထုတ်ကုန်များ ထုတ်လုပ်ခြင်းဟူ၍ ရှိမည်ဖြစ်ရာ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးသည် အရေးကြီးကြောင်း။

ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုပြုလုပ်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ခေတ်အဆက်ဆက်တွင် ပြည်တွင်းထုတ်ကုန်များနှင့် သယံဇာတပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ စာရင်းဇယားများအရ တပ်မတော်အစိုးရလက်ထက် (၂၀၀၇-၂၀၀၈ ခုနှစ်)နှင့် ပါတီစုံဒီမိုကရေစီအစိုးရလက်ထက် (၂၀၀၉-၂၀၁၀ ပြည့်နှစ်)များတွင် ပြည်ပကုန်သွယ်မှုများ မြင့်တက်ခဲ့သည်ကိုတွေ့ရကြောင်း၊ မိမိတို့အစိုးရသက်တမ်းတွင် နိုင်ငံ၏ကုန်ထုတ်လုပ်မှု၌ အခြေခံအကျဆုံးနှင့် နိုင်ငံသူ၊ နိုင်ငံသားအများစုနှင့်ပတ်သက်သည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးအဓိကထားဆောင်ရွက်ခဲ့ကြောင်း၊ မိမိအနေဖြင့် စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများနှင့် စက်မှုကုန်ကြမ်းသီးနှံပင်များ စိုက်ပျိုးမှုကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်နိုင်ရေး တွန်းအားပေးကြပ်မတ်ခဲ့ကြောင်း။

နိုင်ငံရေးအရ မိမိတို့နိုင်ငံအပေါ် အနောက်နိုင်ငံများက စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးဆိုင်ရာကန့်သတ်မှုများစွာ ပြုလုပ်ခဲ့သကဲ့သို့ မြေအောက်ထွက်ကုန်ဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့နိုင်ခဲ့သော်လည်း ရရှိသည့်ငွေကြေးများ သုံးစွဲ၍မရအောင်ပြုလုပ်ခဲ့ကြကြောင်း၊ ယင်းအခက်အခဲများကြားမှ နိုင်ငံစီးပွားရေးအတိုင်းအတာတစ်ခုအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်ပကြွေးမြီများကိုလည်း သုံးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ ပြန်လည်ပေးဆပ်နိုင်ခဲ့ကြောင်း၊ ပြန်ဆပ်ငွေအများစုမှာလည်း ယခင်အစိုးရအဆက်ဆက် ချေးယူခဲ့သည့် အရင်းငွေများဖြစ်ကြောင်း။

**စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် စိုက်ကောတိုးရဲ့စိုက်ပျိုးခြင်း၊ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးရဲ့၍ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းဟု အပိုင်း သုံးရပ်ရှိရာ မိမိတို့အစိုးရအနေဖြင့် ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးရဲ့၍ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို အထူးအလေးထား ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်ပင် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို မြှင့်တင်နိုင်ကြောင်းကို အချို့သောခိုင်မာသည့်အချက်အလက်များဖြင့် ဥပမာပေးပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ဧကမှာ ၁၄ သန်းကျော်ရှိကြောင်း၊ မိုးစပါးတစ်ဧကအတွက် ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းမှာ တင်း ၁၀၀ ဖြစ်ကြောင်း၊ သို့သော် ၂၀၂၃-၂၀၂၄ ခုနှစ် အထွက်နှုန်းမှာ ပျမ်းမျှ ၇၈ တင်းကျော်ဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ထက် ၂၂ တင်းခန့် လျော့နည်းကြောင်း၊ ထို့ကြောင့် စပါးတင်းသန်း ၃၀၀ ကျော်ခန့် လျော့နည်းထွက်ရှိခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ တန်ဖိုးသင့်တွက်ချက်ကြည့်ပါက ငွေကျပ်ဘီလီယံ ၇၀၀၀ ခန့် လျော့နည်းခဲ့သည်ကို တွေ့နိုင်ကြောင်း၊ ၎င်းသည် ဥပမာတစ်ခုသာဖြစ်ကြောင်း၊ အလားတူ အခြားအဓိကစိုက်ပျိုးထုတ်ကုန်များဖြစ်သည့် ပြောင်း၊ ပဲမျိုးစုံနှင့် အခြားသီးနှံများလည်း ပန်းတိုင်အထွက်နှုန်းအတိုင်းထွက်ရှိအောင် လုပ်ဆောင်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးမြင့်မားစွာတိုးတက်လာနိုင်ကြောင်း၊ ၎င်းအပေါ်တွင် ထပ်မံ၍ သီးထပ်စွမ်းအား တိုးချဲ့လုပ်ကိုင်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများစွာ မြင့်မားလာမည်ကို သတိပြုမိကြစေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးနိုင်သည့် မြေများစွာရှိသည့်အပြင် သီးထပ်စိုက်ပျိုးနိုင်သည့် မြေနှင့်ရာသီဥတုရှိသော နိုင်ငံဖြစ်ကြောင်း၊ ၎င်းအချက်နှစ်ချက်ကို ဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှုအာမခံချက်ရှိစေရေး (Food Security) ကဏ္ဍတွင် ထိုက်ထိုက်တန်တန်နေရာရရှိမည့် စိုက်ပျိုးထုတ်လုပ်ရေးစွမ်းအားရှိသည့်နိုင်ငံ(Agriculture Power Country)အဖြစ် ရပ်တည်နိုင်မည်ဖြစ်သဖြင့် ကောင်စီဝင်များအားလုံးက အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြသည်ကိုတွေ့ရကြောင်း၊ အဆိုပါကျေးလက်နေပြည်သူများတွင် လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍကို ဆောင်ရွက်သူများမှာ ၄၁ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် သေချာသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းဖြစ်ကြောင်း၊ အလားတူ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ကိုဆောင်ရွက်နေကြကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ(Agro Based Industry)ကို တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ် ဆောင်ရွက်နိုင်ရန်လို**ကြောင်း၊ **ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်**ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ Quick Win ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း။

မြေပေါ်မြေအောက် သယံဇာတများ ထုတ်ယူရောင်းချခြင်း၊ သစ်တောပစ္စည်းများ ထုတ်ယူရောင်းချရာတွင်လည်း အလွန်အကျွံထုတ်ယူခြင်းထက် စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ခွင့်ပြုဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စက္ကူထုတ်လုပ်နိုင်သည့် သစ်နှင့် ဝါးများစွာရှိသဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ပြန်လည်ဖြည့်တင်းစိုက်ပျိုးထိန်းသိမ်းရန်လည်းလိုကြောင်း၊ အလားတူ စပါးစိုက်ပျိုးရာမှထွက်ရှိလာသည့် ကောက်ရိုးများကိုလည်း ပျော့ဖတ်နှင့် တိရစ္ဆာန်အစာများအဖြစ် အကျိုးရှိစွာအသုံးချမည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကောင်စီဝင်များအနေဖြင့် မိမိတို့သက်ဆိုင်ရာဒေသများအလိုက် တောင်သူများကို အလုပ်လုပ်နိုင်ရေး အားပေးခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အထောက်အကူပြုစေသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ တိုးတက်စေရေးအတွက်လည်း ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ အချို့ဒေသများတွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိနေသေးကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး မဖြစ်မနေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲစာရင်းများအခြေခံမှန်ကန်ခိုင်မာစေရေး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဆောင်ရွက်၍မရကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကောင်စီဝင်များက စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များ၊ ကျောင်းပိတ်ရက်ကာလများတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာစေရေး စီစဉ်ဆောင်ရွက်ပေးသင့်သည့်အခြေအနေများ၊ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများပါဝင်ပူးပေါင်းဆောင်ရွက်မှုရှိသည့် နေရာများတွင် အမြန်ဆုံးတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နိုင်မှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် **ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အဓိကကျသဖြင့် တည်ငြိမ်အေးချမ်းမှုလိုအပ်လျက်ရှိသည့်ဒေသများမှ ပြည်သူလူထုအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်လို**ကြောင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ကျောင်းပိတ်ရက်ကာလများကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေးနှင့် လူငယ်များအတွက် ကောင်းမွန်သည့်စိတ်ဓာတ်များ မွေးမြူရရှိနိုင်ရေးအတွက် မိဘအုပ်ထိန်းသူများအနေဖြင့်လည်း တိုက်တွန်းကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွေးနွေးတင်ပြစဉ်။

**မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry) ကို တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို. . .**



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# အိန္ဒိယသမ္မတနိုင်ငံက မြန်မာ့တပ်မတော်သို့လှူဒါန်းသော Aarogya Maitri Cubes နှစ်စုံလွှဲပြောင်းလက်ခံပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၉**

အိန္ဒိယသမ္မတနိုင်ငံက မြန်မာ့တပ်မတော်သို့ လှူဒါန်းသော Aarogya Maitri Cubes နှစ်စုံ လွှဲပြောင်းလက်ခံပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အဆောင်အမှတ် (၄၀) ခန်းမ၌ ပြုလုပ်သည်။




အိန္ဒိယသမ္မတနိုင်ငံက မြန်မာ့တပ်မတော်သို့ လှူဒါန်းသော Aarogya Maitri Cubes နှစ်စုံ လွှဲပြောင်းလက်ခံပွဲအခမ်းအနား ကျင်းပစဉ်။

အခမ်းအနားသို့ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Vinay Kumar နှင့် အဖွဲ့ဝင်များ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ ဒုတိယဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တပ်မှူး ဗိုလ်မှူးချုပ် အောင်မြတ်ကျော်နှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မတော်အရာရှိကြီးများ၊ ပါရဂူ ဆေးမှူးများ၊ သူနာပြု၊ ကျွမ်းကျင်သူများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ Aarogya Maitri Cubes ဆိုင်ရာ အချက်အလက်များကို Video ဖြင့် ပြသသည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Vinay Kumaru Aarogya Maitri Cubes များ လှူဒါန်းရသည့်ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Vinay Kumaru Aarogya Maitri Cubes နှစ်စုံအတွက် သက်ဆိုင်ရာစာရွက်စာတမ်းများ၊ ဆေးနှင့် ဆေးပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Vinay Kumar နှင့် အဖွဲ့ဝင်များက ခင်းကျင်းပြသထားသည့် Aarogya Maitri Cubes ဆေးနှင့် ဆေးပစ္စည်းများနှင့်သရုပ်ပြဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုကြသည်။

Aarogya Maitri Cubes သည် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာသောထိခိုက်မှုများ(Natural Disaster)၊ လူသားတို့၏တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများ (Humantarian Crisis) တွင် အရေးပေါ်အသုံးပြုရန်အတွက် လိုအပ်သောဆေးပစ္စည်းများကို အကူအညီလိုအပ်သော နေရာများသို့ အမြန်ဆုံးပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပေးပို့လှူဒါန်းရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ "Aarogya" မှာ "အာရောဂျ" ကျန်းမာရေးဟု အဓိပ္ပာယ်ရပြီး "Maitri" မှာ "မိတ္တ" မိတ်ဆွေဟု အဓိပ္ပာယ်ရသည့်အတွက် မိတ်ဆွေနိုင်ငံများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ထုတ်လုပ်သောပစ္စည်းဟု အဓိပ္ပာယ်ရကြောင်း၊ Aarogya Maitri Cubes တစ်စုံတွင် ပုံးငယ် ၇၂ ပုံးပါဝင်ပြီး ခွဲစိတ်ခန်းငယ် တစ်ခု၊ အထူးကြပ်မတ်ကုသခန်းငယ် တစ်ခု၊ ပြင်ပလူနာဌာန တစ်ခု၊ ဓာတ်ခွဲခန်းငယ် တစ်ခု၊ ဓာတ်မှန်ဆိုင်ရာစက်ပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးကိရိယာများ၊ ရောဂါရှာဖွေသည့် Test Kit များ၊ ထမ်းစင်များ၊ မီးစက်များ စသည်ဖြင့် အပြည့်အစုံပါဝင်ကြောင်း၊ ပါဝင်သောပစ္စည်းများမှာ အိန္ဒိယနိုင်ငံထုတ်ပစ္စည်းများဖြစ်ပြီး ဆန်းသစ်သည့် စိတ်ကူးစိတ်သန်းများဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည့်အတွက် မိမိတို့နိုင်ငံနှင့် တပ်မတော်အတွက် အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံက မြန်မာ့တပ်မတော်အတွက် Aarogya Maitri Cubes နှစ်စုံကို ယခုကဲ့သို့ လာရောက်လှူဒါန်းခြင်းဖြင့် အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ အချင်းချင်းအကြား ပြည်သူများ အချင်းချင်းအကြား ချစ်ကြည်ရင်းနှီးမှုများ ယခုထက်ပိုမိုခိုင်မာ၍ အကျိုးကျေးဇူးများစွာဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်



နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင် လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၂၉**

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင်ကျရောက်သည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေးဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်း အဝင်ဝရှိမုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာတွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများကို ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခုံစင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုကို LED Strip Light များဖြင့်လည်းကောင်း၊ အသီးသီး ပုံဖော်အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ဖွဲ့များတွင်အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့်ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံများဖြင့် ပြုလုပ်ထားရှိရာ ယနေ့တွင်လည်း လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

# လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအတွက် ရေချိုငါးတန် ပိဿာ ၅၀၀ လာရောက်လှူဒါန်း



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် ရေချိုငါးတန် ပိဿာ ၅၀၀ ကို တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် မတ် ၂၉**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်ပြည်သူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့နေ့လယ်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ စေတနာရှင်ပြည်သူများက လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရေချိုငါးတန် ပိဿာ ၅၀၀ ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်သို့ လာရောက်လှူဒါန်းသဖြင့် တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဆက်လက်ပို့ဆောင်ပေးရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ရောက်ရှိလာသည့် ရေချိုငါးတန်များကို တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၂၅ ရက်ထိ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ နိုင်ငံခြားသား စုစုပေါင်း ၅၃၀၈၉ ဦးကို ပြည်နှင်ဆောင်ရွက်ခဲ့ပြီး တရုတ်နိုင်ငံသားဦးရေ ၅၁၀၁၀ ပါဝင်



**နေပြည်တော် မတ် ၂၉**

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌ(၂) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် အတွင်းရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး ကရင်ပြည်နယ်၊ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဗဟိုကော်မတီဝင်ဝန်ကြီးချုပ်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာမှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ စိစစ်နိုင်ရန်၊ အမြန်ဆုံးတရားစွဲဆို အရေးယူဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်နိုင်ရန်ရည်ရွယ်ပြီး "မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအားဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ"ကိုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂၂၈/၂၀၂၃ ဖြင့်၂၀၂၃ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း။

ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်၍ လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီနှင့် ဗဟိုကော်မတီအတွင်းရေးမှူးရုံးအဖွဲ့တို့ကိုလည်း ဗဟိုကော်မတီ၏ အမိန့်အမှတ် (၁/၂၀၂၃)၊ (၂/၂၀၂၃)နှင့် (၃/၂၀၂၃) တို့ဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရာတွင် ဗဟိုကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ သက်ဆိုင်ရာနိုင်ငံသံရုံးများသို့ သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆက်သွယ်အကြောင်းကြားနိုင်ရေး ညှိနှိုင်းပေးခြင်းစသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၂၅ ရက်ထိ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ နိုင်ငံခြားသား စုစုပေါင်း ၅၃၀၈၉ ဦးကို ပြည်နှင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါပြည်နှင်လွှဲပြောင်းခဲ့သည့် နိုင်ငံခြားသားစာရင်းတွင် တရုတ်နိုင်ငံသားဦးရေ ၅၁၀၁၀ ပါဝင်ပါကြောင်း။

မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကိုရေးရှု၍လည်းကောင်း၊ ယုံကြည်မှုအပေါ်တလွဲအသုံးချခံရသူများ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ သဘောဆန္ဒမပါဘဲ ရာဇဝတ်မကင်းသောလုပ်ငန်းများတွင် အဓမ္မခိုင်းစေခံရသူများ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများ ဖြစ်သော်လည်း အရေးယူခြင်းမပြုဘဲ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေနှင့်အညီ ပြည်နှင်လွှဲပြောင်းရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် ကရင်ပြည်နယ် မြဝတီဒေသရှိ နိုင်ငံခြားသားများနှင့်ပတ်သက်၍ မြန်မာ-ထိုင်းနှစ်နိုင်ငံ အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့်ပြည်နှင်လွှဲပြောင်း၍ သက်ဆိုင်ရာနိုင်ငံများသို့ ပို့ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအကြား ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်နှင်မိန့်စောင့်ဆိုင်းနေစဉ် ကာလအတွင်း မြန်မာနိုင်ငံရှိ အကျဉ်းထောင်နှင့် အချုပ်ထောင်များတွင် ခေတ္တထိန်းသိမ်းထားသော နိုင်ငံခြားသားများကို လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေးအတွက် ဗဟိုကော်မတီမှ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိရာ မတ်၂၅ ရက်ထိ အကျဉ်းထောင်နှင့် အချုပ်ထောင်များတွင် ထိန်းသိမ်းထားရှိသော နိုင်ငံခြားသား ၈၄ ဦးကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ (၂) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦးက မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအားဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းနိုင်ရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ပေးမည့် တက္ကသိုလ်ဝင်စာမေးပွဲစစ်မေးမည့် အချိန်စာရင်းနှင့် စာစစ်ဌာနများစာရင်း သတ်မှတ်ကြေညာ

၁။ ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန်မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများကို စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်မည့် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်းနှင့် စာစစ်ဌာနများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

စာမေးပွဲ အချိန်စာရင်း

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁ | ၂ | ၃ |
| ၂၉-၄-၂၀၂၄ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | မြန်မာစာ |
| ၃၀-၄-၂၀၂၄ အင်္ဂါနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | အင်္ဂလိပ်စာ |
| ၂-၅-၂၀၂၄ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | သင်္ချာ |
| ၃-၅-၂၀၂၄ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ဓာတုဗေဒ/ ပထဝီဝင် |
| ၄-၅-၂၀၂၄ စနေနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ရူပဗေဒ/ သမိုင်း |
| ၆-၅-၂၀၂၄ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ဇီဝဗေဒ/ ဘောဂဗေဒ |

စာမေးပွဲကျင်းပမည့်စာစစ်ဌာနများ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | စာစစ်ဌာန |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | မြစ်ကြီးနား | အထက(၉)မြစ်ကြီးနား |
| ၂ | ကရင်ပြည်နယ် | ဘားအံ | အထက(၂)ဘားအံ |
| ၃ | ချင်းပြည်နယ် | မတူပီ | အထက(၂)မတူပီ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာ | အထက(၂)မုံရွာ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | အထက(၁)ထားဝယ် |
| ၆ | နေပြည်တော် | ဇမ္ဗူသီရိ | အထက(၁၄) |
| ၇ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | တောင်ငူ | အထက(၁)တောင်ငူ |
| ၈ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ပြည် | အထက(၅)ပြည် |
| ၉ | မကွေးတိုင်းဒေသကြီး | မကွေး | အထက(၃)မကွေး |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | အထက(၈)အောင်မြေသာစံ |
| | | ပြင်ဦးလွင် | အထက(၂)ပြင်ဦးလွင် |
| | | မိတ္ထီလာ | အထက(၁)မိတ္ထီလာ |
| ၁၁ | မွန်ပြည်နယ် | မော်လမြိုင် | အထက(၇)မော်လမြိုင် |
| ၁၂ | ရခိုင်ပြည်နယ် | စစ်တွေ | အထက(၁)စစ်တွေ |
| | | | အထက(၂)စစ်တွေ |
| | | | အထက(၄)စစ်တွေ |
| | | | အထက(၅)စစ်တွေ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | သန်လျင် | အထက(၁)သန်လျင် |
| | | မင်္ဂလာဒုံ | အထက(၁)မင်္ဂလာဒုံ |
| | | သင်္ဃန်းကျွန်း | အထက၊ သုဝဏ္ဏ |
| | | ကြည့်မြင်တိုင် | အထက(၁)ကြည့်မြင်တိုင် |
| ၁၄ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | အထက(၃)တောင်ကြီး |
| ၁၅ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | အထက(၈)လားရှိုး |
| ၁၆ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | အထက(၂)ကျိုင်းတုံ |
| ၁၇ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | အထက(၁)ပုသိမ် |
| | | မြောင်းမြ | အထက(၁)မြောင်းမြ |
| | | မအူပင် | အထက(၁)မအူပင် |

၃။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ကို ယခုကြေညာချက်ပါ စာစစ်ဌာနများအနက် မိမိဖြေဆိုလိုသည့် စာစစ်ဌာနများသို့ **၁၂-၄-၂၀၂၄ (သောကြာနေ့)** နောက်ဆုံးထား၍ သတင်းပေးပို့ စာရင်းသွင်းရမည်ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ် မြို့နယ်မှ မိမိသဘောဆန္ဒအရ စစ်မှုထမ်းဆောင်မည့်သူများကို လိုက်လံပို့ဆောင်ကြိုဆို





**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်ရှိ ရပ်ကွက်ကျေးရွာများမှ ပြည်သူ့စစ်မှုထမ်းရန် အကျုံးဝင်သူများသည် ယနေ့နံနက်ပိုင်းတွင် မိမိတို့သဘောဆန္ဒအရ သက်ဆိုင်ရာမြို့နယ် ပြည်သူ့စစ်မှုထမ်း မှတ်ပုံတင်ရုံးများ၌ သတ်မှတ်ပုံစံများ ဖြည့်သွင်းနေမှုကို နေပြည်တော်ကောင်စီမှ တာဝန်ရှိသူများ၊ ခရိုင်၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံပြီး ရင်းရင်းနှီးနှီးနွေးထွေးစွာ အားပေးစကားပြောကြားကြသည်။

ထို့နောက် နေပြည်တော်ကောင်စီမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများသည် မြို့နယ်ရှစ်မြို့နယ်ရှိ သက်ဆိုင်ရာမြို့နယ် ပြည်သူ့စစ်မှုထမ်းမှတ်ပုံတင်ရုံးများသို့ သွားရောက်ပြီး မိမိသဘောဆန္ဒအရ စစ်မှုထမ်းဆောင်မည့်သူများကို ထောက်ပံ့ငွေများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်၍ နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် တာဝန်ရှိသူများက မိမိသဘောဆန္ဒအရ စစ်မှုထမ်းဆောင်မည့်သူများကို သတ်မှတ်ထားသည့် စစ်ဆေးမှုများပြုလုပ်ရန်အတွက် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ မော်တော်ယာဉ်များဖြင့်ပို့ဆောင်ရာ တပ်မတော်မှ တာဝန်ရှိသူများက လိုက်လိုက်လှဲလှဲကြိုဆိုခဲ့ကြသည်။

အဆိုပါ စစ်မှုထမ်းရန် မိမိသဘောဆန္ဒအရ စာရင်းပေးထားသူ တပ်ကုန်းမြို့နယ်မှ ခုနစ်ဦး၊ ဥတ္တရသီရိမြို့နယ်မှ ၂၆ ဦး၊ ပုဗ္ဗသီရိမြို့နယ်မှ ဦးရေ ၃၀၊ ဇေယျာသီရိမြို့နယ်မှ ၁၂ ဦး၊ ပျဉ်းမနားမြို့နယ်မှ ၅၆ ဦး၊ ဇဗ္ဗူသီရိမြို့နယ်မှ ၁၂ ဦး၊ ဒက္ခိဏသီရိမြို့နယ်မှ ၃၅ဦး၊ လယ်ဝေးမြို့နယ်မှခြောက်ဦး စုစုပေါင်း ၁၈၄ဦးတို့က သတ်မှတ်ထားသည့် စစ်ဆေးမှုများနှင့် ကိုက်ညီသူများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၃

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများတပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုတို့ကို အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ် ၂၈ ရက်မှ ၃၁ ရက်ထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ**

# ဒေသခံတိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဆီဆိုင်မြို့ကို အမြန်ဆုံးပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်၊ ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် မတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၃၁၀ တွင်တည်ရှိပြီး မြောက်ဘက်တွင် ဟိုပုံးမြို့နယ်၊ အရှေ့ဘက်တွင် မောက်မယ်မြို့နယ်၊ တောင်ဘက်တွင် ကယားပြည်နယ်၊ အနောက်ဘက်တွင် ဖယ်ခုံမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်တို့နှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ပအိုဝ်းတိုင်းရင်းသားအများစုအေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်ကြသည့် မြို့တစ်မြို့ဖြစ်သည်။

အဆိုပါအေးချမ်းသာယာသည့် ဆီဆိုင်မြို့အပါအဝင် ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ပအိုဝ်းတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများသို့ KNPP၊ KNDFအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ သွေးထိုးမြှောက်ပင့် စည်းရုံးမှုများကြောင့် မိမိဒေသလူမျိုးများ ပျက်စီးဆုံးရှုံးစေမှုကို မငဲ့ကွက်တော့ဘဲ ဒေသအတွင်းမိမိဩဇာအာဏာလွှမ်းမိုးစေရန် ရည်ရွယ်သည့် PNLOအဖွဲ့သည် အဆိုပါအဖွဲ့များနှင့်အတူ အင်အားစုစည်း၍ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ ကျေးရွာသူ၊ ကျေးရွာသားများအသွင်ဖြင့် စိမ့်ဝင်ပုံဖျက်ဝင်ရောက်ပြီးနောက် ဒေသအချို့ရှိ တပ်မတော် တပ်စခန်းများ၊လုံခြုံရေးတပ်ဖွဲ့များ၏ တပ်ဌာနချုပ်များကို ဝင်ရောက်တိုက်ခိုက်ခြင်း၊ ကျေးရွာများအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သည့်ပစ္စည်းများကို အတင်းအဓမ္မလုယက်ယူဆောင်ခြင်းစသည့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ယာယီနေရပ်စွန့်ခွာနေထိုင်ခဲ့ကြရသည်။

အဆိုပါဒေသများ တည်ငြိမ်အေးချမ်းရေးအတွက်လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားလုံးကပူးပေါင်း၍ ၃၂ ရက်ကြာ အစွမ်းကုန်သောင်းကျန်းသူချေမှုန်းရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ပြန်လည် တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ယာယီနေရပ်စွန့်ခွာဒေသခံ

စာမျက်နှာ ၂၃ သို့



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး ဆီဆိုင်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးနေသည့် မှတ်တမ်းဓာတ်ပုံ။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်နေသည့် မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲမီးရှို့ဖျက်ဆီးခဲ့သည့် ဆီဆိုင်မြို့ မှတ်တမ်းဓာတ်ပုံ။





ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ပအိုဝ်းတိုင်းရင်းသားများနေထိုင်သည့် ကျေးရွာများကို PNLO၊ KNDF၊ PDF အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၂ မှအဆက်**

တိုင်းရင်းသားများသည် ၎င်းတို့၏ သက်ဆိုင်ရာကျေးရွာများသို့ ပြန်လည် အခြေချ ဝင်ရောက်နေထိုင်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများက အကြမ်းဖက်သမားများ ဖျက်ဆီးသွားခဲ့သည့် မြို့ရွာများ သန့်ရှင်းသာယာလှပရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင် များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကိုဝိုင်းဝန်း ကူညီဆောင်ရွက်ပေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိသည်။

ယနေ့တွင်လည်း အကြမ်းဖက် သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခဲ့သည့် ဆီဆိုင်မြို့အတွင်း ပျက်စီးသွားသော လူနေရပ်ကွက်၊ သာသနိကအဆောက်အအုံ၊ ကျန်းမာရေး နှင့် ပညာရေးစသည့်အရေးကြီးနေရာများ ကို နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင် များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင် ရွက်ပေးလျက်ရှိရာ ထိုသို့ဆောင်ရွက်နေမှု များကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွား ရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ တိုင်းမှူးနှင့် အဖွဲ့ဝင် များသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများကို တွေ့ဆုံအမှာစကားပြောကြားပြီး တင်ပြ ချက်များအပေါ် လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကာ မြို့ဂုဏ်ဆောင် မွေတော်ဘုရားကြီးအတွက် အလှူငွေများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်လုံခြုံရေးတပ်ဖွဲ့ ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အစဉ်အဆက် တည်ငြိမ်အေးချမ်း၍ ရိုးသားအေးချမ်းစွာနေထိုင်သော ပအိုဝ်း တိုင်းရင်းသားတို့၏ ဆီဆိုင်ဒေသသည် PNLOအကြမ်းဖက်အဖွဲ့၏ အကြမ်းဖက် လုပ်ရပ်ကြောင့် ယခုကဲ့သို့အရုပ်ဆိုးအကျည်း တန်ခဲ့ရပြီး ၎င်းအဖွဲ့အနေဖြင့် လက်နက် မှောင်ခိုမှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက် ခဲ့ရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ပင်လုံမြို့ ဆနင်းကျေးရွာဘက်မှရပ်စောက် မြို့နယ် ပင်ဖြစ်ကျေးရွာဘက်သို့ မောင်းနှင် လာသည့်မော်တော်ယာဉ်ပေါ်မှType-81 အမျိုးအစား လက်နက် ၄၉၉ လက်၊ ကျည် အိမ် ၄၉၈ ခုနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် စံဖူးကျေးရွာ၌ မော်တော်ယာဉ် ငါးစီးဖြင့်တင်ဆောင်လာသည့် လက်နက်၊ ခဲယမ်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေးစဉ် ၎င်းတို့အဖွဲ့က မီးရှို့ ဖျက်ဆီးခဲ့သဖြင့် မီးလောင်ပျက်စီးနေသော လက်နက်မျိုးစုံ ၅၀၄ လက်၊ အာပီဂျီ ၁၀ လက်၊ ၁၀၇ မမ ရှော့တိုက်ဒုံးခြောက်လုံးနှင့် ခဲယမ်း အချို့ကိုလည်းကောင်း လုံခြုံရေး တပ်ဖွဲ့ဝင်များက သိမ်းဆည်းရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်များနှင့် စပ်လျဉ်း၍ PNLO အကြမ်းဖက်အဖွဲ့အနေဖြင့် NUG၊ KNPP၊ KNDF နှင့် KPDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏

**စာမျက်နှာ ၂၄ သို့**






PNLO၊ KNDF၊ PDF အကြမ်းဖက်သောင်းကျန်းသူများက ဆီဆိုင်မြို့တွင်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။





PNLO၊ KNDF၊ PDF အကြမ်းဖက်သောင်းကျန်းသူများက ဆီဆိုင်မြို့တွင်းရှိ မြို့နယ်ကျန်းမာရေးဦးစီးမှူးရုံးကို ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။



PNLO၊ KNDF၊ PDF အကြမ်းဖက်သောင်းကျန်းသူများက ဆီဆိုင်မြို့တွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးကို ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။



PNLO၊ KNDF၊ PDF အကြမ်းဖက်သောင်းကျန်းသူများက ဆီဆိုင်မြို့အတွင်းရှိ မြို့နယ်ဆေးရုံကြီးကို ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။






PNLO၊ KNDF၊ PDF အကြမ်းဖက်သောင်းကျန်းသူများက ဆီဆိုင်မြို့တွင်းရှိ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၃ မှအဆက်

မြောက်ပင့်စည်းရုံးမှုကြောင့် ဒေသအတွင်း အာဏာတည်ဆောက်နိုင်ရေးအကြမ်းဖက် အုပ်ချုပ်ရေးအတွက် အကြောက်တရားဖြင့် မိမိတို့လူမျိုးတူ ပအိုဝ်းတိုင်းရင်းသားတို့ အပေါ် စာနာမှုကင်းမဲ့စွာ ၎င်းတို့၏ လက်နက်မှောင်ခိုမှုကို သတင်းပေးအဖြစ် စွပ်စွဲ၍ ပအိုဝ်းတိုင်းရင်းသားများနေထိုင် သည့်ကျေးရွာများကို မီးရှို့မှုများအကြိမ်ကြိမ် ပြုလုပ်ခဲ့သည့်အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသအတွင်း အဓိကဆက်သွယ်ရေး လမ်းကြောင်းဖြစ်သော ပြည်ထောင်စုလမ်းမ ကြီးကို ဖြတ်တောက်ပိတ်ဆို့ရန်အတွက် ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ ပြည်ထောင်စု လမ်းမကြီးတစ်လျှောက်ရှိ လုံခြုံရေးတပ်စခန်း များကို အလစ်အငိုက်ဝင်ရောက်တိုက်ခိုက် ပိတ်ဆို့မှုများဆောင်ရွက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်း သူချေမှုန်းရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်း များဆောင်ရွက်ခဲ့ရသည်။ လုံခြုံရေးတပ်ဖွဲ့ ဝင်များအနေဖြင့် အဆိုပါအကြမ်းဖက် အဖွဲ့များနှင့်ထိတွေ့တိုက်ပွဲ ၁၆ ကြိမ်ဖြစ်ပွား ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက်ကို အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မတ် ၁ ရက်တွင် ယာယီရပ်တန့်ခဲ့သည့်ခရီးသွား ယာဉ်များနှင့်ကုန်တင်ယာဉ်များပုံမှန်အတိုင်း သွားလာနိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင်လည်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့၏ အုပ်ချုပ်မှုအောက် ပအိုဝ်းတိုင်းရင်းသား ကျေးရွာတိုင်းမှ ကျေးရွာလူထုအားလုံးနီးပါး က လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းလက်တွဲ ၍ ဆောင်ရွက်ခဲ့ခြင်းကြောင့်လည်း ယခု ကဲ့သို့အချိန်တိုအတွင်း အကြမ်းဖက်သောင်း ကျန်းသူများကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ခြင်း ဖြစ်သည်။

NCA လက်မှတ်ရေးထိုးသော်လည်း ဒေသခံမဟုတ်သည့်အခြားသော အကြမ်း ဖက်သောင်းကျန်းသူများမြောက်ပင့်စည်းရုံး မှုအပေါ် အာဏာတည်ဆောက်နိုင်ရေး စိတ်ကူးယဉ်မှုနှင့်အတူ PNLOအကြမ်းဖက် အဖွဲ့၏ မိမိလူမျိုးချင်းအပေါ် သစ္စာမဲ့စွာ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များ အပေါ် သည်းမခံနိုင်တော့သဖြင့် ဆီဆိုင် မြို့ ပတ်ဝန်းကျင်ရှိကျေးရွာများမှ ပအိုဝ်း တိုင်းရင်းသားများအနေဖြင့် ရွာလုံးကျွတ်နီး ပါးအင်အားစုစည်း၍ တပ်မတော်၊ပြည်သူ့ စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း လက်တွဲ၍ ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင်တိုက်ခိုက်ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် ဟိုခဲဘုန်းကြီးကျောင်းနှင့် ဆေးရုံ ကိုလည်းကောင်း၊ မတ် ၂ ရက်တွင် ဆေးရုံ ဝန်ထမ်းအိမ်ရာနှင့် ရဲစခန်းကိုလည်းကောင်း၊ မတ် ၁၃ ရက်တွင် မွေတော်ဘုရားကုန်း ကိုလည်းကောင်း၊ မတ် ၁၈ ရက်တွင် စံဖူး ကျေးရွာကိုလည်းကောင်း၊ မတ် ၁၉ ရက် တွင် ကျောက်ကချားကိုလည်းကောင်း၊ မတ် ၂၅ ရက်တွင် ဘုရားဖြူလမ်းဆုံကိုလည်း ကောင်း သိမ်းပိုက်နိုင်ခဲ့ပြီး ဆီဆိုင်မြို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။တိုက်ပွဲဖြစ်စဉ် များအတွင်း အကြမ်းဖက်သောင်းကျန်းသူ အလောင်းအချို့နှင့် လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး စစ်သည်အချို့၊ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင် အချို့နှင့် ဒေသခံတိုင်းရင်းသားအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယခုကဲ့သို့ ဆီဆိုင်ဒေသကို PNLO၊ KNDF၊ KPDF အကြမ်းဖက်ပူးပေါင်းအဖွဲ့ များ၏လက်မှ အမြန်ဆုံးပြန်လည်ရယူ ထိန်းချုပ်နိုင်ခဲ့ပြီး နိုင်ငံတော်အစိုးရ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင် ရွက်နိုင်ခဲ့ခြင်းသည် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် တပ်မတော်၊ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များနှင့်အားတက်သရော အသက်စွန့်၍ ဒေသအကျိုးအတွက် ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းကြောင့်ပင်ဖြစ် ကြောင်း သတင်းရရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျောက်ကချား ကျေးရွာအတွင်း နေထိုင်သည့် ဒေသခံ တိုင်းရင်းသား ပြည်သူများကို တာဝန်ရှိသူများက ထောက်ပံ့ ပစ္စည်းများ ပေးအပ်နေသည့် မှတ်တမ်းဓာတ်ပုံ။















တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက ဆီဆိုင်မြို့ တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင် ရွက်နေသည့် မှတ်တမ်းဓာတ်ပုံ။



## သန်လျင်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေး အဖွဲ့က ဒေသခံ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



**နေပြည်တော် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဆေးလုံးကြီးကျေးရွာအုပ်စု တိုက်ကြီးမြို့နယ် ကံကလေးအေကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေခံ ဆေးကုသရေးအဖွဲ့များက သတ်မှတ်နေရာအသီးသီး၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သွားနှင့်ခံတွင်းရောဂါ၊မျက်စိရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊သားဖွားမီးယပ်ရောဂါ၊အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် နှစ်ပါးနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၀၆ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## သဃ်န်းကျွန်းမြို့နယ်တွင် တစ်အိမ်တည်းမှ သားနှင့် သမက်ဖြစ်သူ နှစ်ဦးလုံး စစ်မှုထမ်းရန်ခေါ်ဆောင်ခံရသဖြင့် မိခင်ဖြစ်သူ သတ်သေမှုပြုလုပ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်တွင် တစ်အိမ်တည်းမှ သားနှင့် သမက်ဖြစ်သူ နှစ်ဦးလုံးကို စစ်မှုထမ်းဆောင်ရန် ခေါ်ဆောင်ခံရသဖြင့် မိခင်ဖြစ်သူက မိမိကိုယ်ကို သတ်သေမှုဖြစ်ကာ ဆေးရုံတင်ထားရကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဖြစ်စဉ်ဖြစ်ပွားမှုနှင့်ပတ်သက်၍ တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားခြင်းသာဖြစ်ပြီး သဃ်န်းကျွန်းမြို့နယ်တွင် တစ်အိမ်တည်းမှ သားနှင့် သမက်ဖြစ်သူ နှစ်ဦးလုံးသည် စစ်မှုထမ်းဆောင်ရန်အကျုံးဝင်သည့်အတွက် စာရင်းပေးသွင်းခံရခြင်းဖြစ်ပြီး ယခုလက်ရှိတွင်လည်း ၎င်းတို့ နေအိမ်တွင် နေထိုင်လျက်ရှိကြောင်းနှင့် သတင်းမှားသာဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် အထင်အမြင်လွဲမှားစေရန်တို့အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

## အစိုးရဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ ဒုတိယနေ့အဖြစ် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၄၉၄၈ ပါး/ဦး အနက် ၁၂၃၅၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၂ ဒသမ ၆၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်မှ လူငယ် ၁၁ ဦးကို ယနေ့နံနက်ပိုင်းက ဝင်ရောက်ဖမ်းဆီး၍ စစ်သားသစ်အဖြစ် စုဆောင်းသည်ဟု သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၂၉**

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ခိုင်ရွှေဝါလမ်း၊ ဒေါနလမ်းတို့မှ နေအိမ်များရှိ စစ်မှုထမ်းရန် မဲပေါက်သူများကို ယနေ့နံနက် ၃ နာရီတွင် လာရောက်ခေါ်သည်ဟုဆိုကာ ဝင်ရောက်စစ်ဆေးပြီး လူငယ်များကို ဖမ်းဆီးသွားကြောင်းနှင့် အဆိုပါလူငယ်များသည် မဲပေါက်ထားသည့် လူငယ်များမဟုတ်ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မတ် ၂၉ ရက်နေ့နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် (၄)ရပ်ကွက်အတွင်းမှ စစ်မှုထမ်းရန်အတွက် Volunteer ဝင်ရောက်လိုကြောင်း ကိုယ်တိုင်ဆန္ဒပြုသူ ၁၁ ဦးက မော်တော်ယာဉ်တစ်စီးဖြင့် စုစည်း၍ သတင်းပို့ရမည့် အုပ်ချုပ်မှုဆိုင်ရာရုံးသို့ လာရောက်သတင်းပို့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့ Volunteer ဝင်ရောက်လိုကြောင်း ကိုယ်တိုင်ဆန္ဒပြုသူ ၁၁ ဦးက လာရောက်သတင်းပို့ခြင်းအပေါ် တရားမဝင် ပြည်ဖျက်မီဒီယာများက အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ယုတ်မာအောက်တန်းကျစွာ လုပ်ကြံဖန်တီးရေးသားခြင်းသာ ဖြစ်ကြောင်း သိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေစတင်အာဏာတည်သည့်နေ့မှစ၍ တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများစိုးရိမ်ထိတ်လန့်စေရန် လုပ်ကြံသတင်းများရေးသားဖြန့်ဝေခြင်း၊ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်စွပ်စွဲရေးသားခြင်းများကို ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်လျက်ရှိပြီး နိုင်ငံသူ၊ နိုင်ငံသားများ စိတ်ပညာတတ်ကျွမ်းနားလည်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ကြောက်ရွံ့ထိတ်လန့်နေသည့်အတွက် မဟုတ်မမှန်လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Back To University" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်)ရပ်ကွက်နေ နန့်စုဒေဝီ(ခ)အိပ္ပံ့ကို မွန်းလွဲ ၁ နာရီခွဲတွင် တာမွေမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

**အိမ်ပြင်ပဌထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မိုခါကို သက်သေပြု၍. . . . .အေးချမ်းပါစေ မြေပုံမြေ

မောင်နွေသစ်



ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးများဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

အဖျက်စွမ်းအားကြီးမားတဲ့ မိုခါမုန်တိုင်း ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့တာ လာမယ့် မေလ ၁၄ ရက်နေ့ဆိုရင် တစ်နှစ်တင်းတင်းပြည့်ပြီ။ မိုခါကို အန်တုဖို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေဟာ သွေးချင်းညီအစ်ကိုတွေဖြစ်တဲ့ ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားတွေအပေါ် ကျရောက်လာမယ့်သဘာဝဘေးဆိုးကြီးကို စည်းလုံးညီညွတ်မှုစွမ်းပကားနဲ့ ဝိုင်းဝန်းကာကွယ်ကူညီခဲ့ကြတယ်။ မုန်တိုင်းကျရောက်စဉ် ငွေအား၊ လူအား၊ ပစ္စည်းအားပါမကျန် အစွမ်းကုန် ထောက်ပံ့ပေးခဲ့ကြတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အမြန်ဆုံးပြီးမြောက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ချက်တွေဟာ ကျွန်တော်တို့အားလုံး "အရေးကြီးရင် သွေးနီး၊ အရေးကြုံရင်သွေးဆုံ" တယ်ဆိုတဲ့စကားကို သက်သေထူပြလိုက်ခြင်းပဲ ဖြစ်ပါတယ်။

## ကြိုတင်ပြင်ဆင်

မုန်တိုင်းဝင်လုဆဲဆဲ မေလ ၁၄ ရက်နေ့ နံနက်စောစောမှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အမှူးပြုတဲ့ အကြီးအကဲပုဂ္ဂိုလ်တွေဟာ မြန်မာနိုင်ငံဘက်ကိုဝင်ရောက်တော့မယ့် မုန်တိုင်းအခြေအနေရှိနေတာကြောင့် သဘာဝဘေးအန္တရာယ်မကျရောက်မီနဲ့ ကျရောက်ပြီးအချိန်မှာ လိုအပ်တဲ့အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနဲ့ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်းနဲ့ ပြန်လည်ထူထောင်ရေးဆိုင်ရာကိုယ်စီလုပ်ငန်းတာဝန်တွေ ဆောင်ရွက်ပေးနိုင်ဖို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအရေးပေါ် အစည်းအဝေးတစ်ရပ် ကာကွယ်ရေးဦးစီးချုပ်ရုံးစုဝေးခန်းမမှာ ပြုလုပ်ခဲ့ပါတယ်။

အစည်းအဝေးမှာ နိုင်ငံတော်ဝန်ကြီးချုပ်က ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း မုန်တိုင်းသတိပေးချက်တွေ ဆက်တိုက်ထုတ်ပြန်ပေးခဲ့တဲ့အကြောင်း၊ လွန်ခဲ့တဲ့ သုံးရက်ခန့်ကတည်းက အနီရောင်အဆင့် မုန်တိုင်းသတိပေး



ရခိုင်ပြည်နယ် မြေပုံမြို့နယ် မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့်နေရာများမှ ပြည်သူများအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးစဉ်။



ရခိုင်ပြည်နယ် မြေပုံမြို့နယ် ငပင်လယ်ဆိပ်ကမ်းသို့ ရောက်ရှိလာသော စားရေရိက္ခာများအား ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်နေစဉ်။

ချက်ကို ဆောလျင်စွာထုတ်ပြန်ဆောင်ရွက်ခဲ့တဲ့အကြောင်း၊ ထိခိုက်ဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်ခံရတဲ့ဒေသတွေမှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေအချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားဖို့ ပြောကြားခဲ့တာကိုလည်း သတိပြုမိပါတယ်။

**ဒါကြောင့်လည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ နိုင်ငံတစ်ဝန်းက တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်တွေ၊ ဝန်ကြီးဌာနအလိုက် နိုင်ငံ့ဝန်ထမ်းတွေ၊ ပရဟိတအဖွဲ့အစည်းတွေဟာ အသုတ်လိုက်၊ အသုတ်လိုက် မုန်တိုင်းဝင်ရောက်ရာ ရခိုင်ပြည်နယ်မြို့အသီးသီးသို့ ဦးတည်ထွက်ခွာသွားကြပါတယ်။**

ကူညီကယ်ဆယ်ရေးပစ္စည်းတွေဖြစ်တဲ့ အစားအသောက်၊ အဝတ်အထည်၊ ပန်းကန်ခွက်ယောက်နဲ့ ဆေးဝါးများပါမကျန် တင်ဆောင်ထားတဲ့ မော်တော်ယာဉ်တန်းတွေ၊ သင်္ဘောကြီးတွေဆိုတာလည်း စစ်တွေမြို့ကို ဦးတည်ထွက်ခွာကြပါတယ်။ ဒါ့အပြင် အိမ်ဆောက်ပစ္စည်းတွေဖြစ်တဲ့ သွပ်၊ သံ၊ သစ်၊ ဘိလပ်မြေအိတ်တွေ တင်ဆောင်ထားတဲ့ သင်္ဘောကြီးတွေဆိုလည်း မနည်းမနောမုန်တိုင်းမကျရောက်မီနဲ့ကျရောက်ပြီးကာလတွေမှာ နေ့စဉ်ရက်ဆက် ထွက်ခွာသွားတာ သတိပြုမိပါတယ်။

## တားမရတဲ့ သဘာဝဘေး

**သဘာဝဘေးဆိုတာ မဖြစ်အောင် တားဆီးလို့ မရနိုင်ပါဘူး။ ထိခိုက်မှုလျော့နည်းအောင် ကြိုတင်ကာကွယ်တဲ့ နည်းလမ်းပဲရှိပါတယ်။** နောက်ဆုံးမှာတော့ ဘင်္ဂလားပင်လယ်အော်မှာ စတင်ဖြစ်ပေါ်ခဲ့တဲ့ဆိုင်ကလုန်းမုန်တိုင်း မိုခါဟာ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲလောက်အချိန်ကစပြီး ရခိုင်ကမ်းရိုးတန်းရှိ စစ်တွေမြို့အနီးကနေ ကုန်းတွင်းပိုင်းကို စတင်ဖြတ်ကျော်ဝင်ရောက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ် ၁၇ မြို့နယ်ရှိတဲ့အနက်က မြောက်ပိုင်းက မြို့နယ်တွေဖြစ်တဲ့ စစ်တွေ၊ ရသေ့တောင်၊ ကျောက်တော်၊ မင်းပြား၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ မြေပုံမြို့နယ်တွေဟာ ပိုပြီးထိခိုက်ပျက်စီးသွားခဲ့ပါတယ်။

မုန်တိုင်းဆိုတဲ့အတိုင်း တကယ့်ကြောက်ဖွယ်ရာပါပဲ။ လေကြမ်း၊ မိုးကသည်းနဲ့ အိမ်ခေါင်မိုးသွပ်ပြားတွေဆိုတာ တဂျမ်းဂျမ်းလန်ထွက်ကုန်ပြီ၊ လမ်းမပေါ်က သစ်ပင်ကြီးတွေဆိုတာ ကျွမ်းထိုးမှောက်ခုံကျွတ်ထွက်ကုန်တာ မြင်မကောင်းရှုမကောင်း။ လမ်းဘေးဓာတ်တိုင်တွေဆိုတာလည်း ဇက်ကျိုး၊ ခါးပြတ်တွေချည်းပဲ၊ မဟာဓာတ်အားလိုင်းတိုင်တွေ၊ ရုပ်သံထပ်ဆင့်လွှင့်တာဝါတိုင်တွေဆိုတာလည်း ဇောက်ထိုးမိုးမျှော်တွေ ဖြစ်လို့ပါလား။ မိုးသည်းလေကြမ်းလို့ အမြစ်မကျွတ်သော်လည်း အချို့အပင်တွေဟာ တောမီးလောင်ထားသလို သစ်ရွက်တွေမရှိတော့။ နေအိမ်အဆောက်အအုံတွေဆိုတာလည်း ပြိုတဲ့အိမ်တွေကပြို၊ အမိုးလန်တဲ့အိမ်တွေကလန်ကျနဲ့ တကယ့်ကို စိတ်ချောက်ချားစရာမြို့ပျက်ကြီးတွေဖြစ်နေပါလား။

ဒီအထဲ သစ်ပင်ပိလို့၊ အိမ်ပေါ်ကပြုတ်ကျလို့၊ ရေနစ်လို့စတဲ့ထိခိုက်သူတွေဆိုတာတွေလည်းရှိတော့ ငိုကြွေးအော်ဟစ်သူတွေဆိုတာလည်း နေရာအနှံ့မြင်ရတွေ့ရ၊ ကြားရတော့တကယ့်အနိဋ္ဌာရုံမြင်ကွင်းတွေပါပဲ။ ဒီကြားထဲနေစရာဆိုတာမရှိ၊ စားစရာဆိုတာနတ္ထိဆိုတော့ ခိုင်မာတဲ့တိုက်အိမ်သွားနားခိုမိလို့ တိုက်ပြိုအုတ်နံရံပိတဲ့ သူတွေဆိုလည်းရှိသေး။ မုန်တိုင်းရဲ့ရက်စက်ကြမ်းကြုတ်မှုကတော့ ပြောမကုန်အောင်ပါပဲ။



ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကျောက်တန်းကျေးရွာ မြေသားရေကန် တာပေါင်မြှင့်တင်ခြင်း ဆောင်ရွက်နေစဉ်။

## မိုခါဒဏ်ခံရတဲ့မြေပုံမြို့နယ်

အဖျက်စွမ်းအားကြီးမားတဲ့ မိုခါမုန်တိုင်းဒဏ်ခံရတဲ့မြို့နယ်တွေထဲမှာ မြေပုံမြို့နယ်လည်း အပါအဝင်ဖြစ်ပါတယ်။ မုန်တိုင်းအပြီး ထိခိုက်ပျက်စီးမှုစာရင်းကောက်ကြည့်လိုက်တော့ လူသေဆုံးမှုတစ်ဦးသာရှိပါတယ်။ တိရစ္ဆာန်သေဆုံးမှုအနေနဲ့ကတော့ ကျွဲ ၃၇ ကောင်၊ နွားအကောင် ၂၀၊ ဝက် ၁၅ ကောင်ဆိုတော့ အခြားမြို့နယ်တွေနဲ့စာရင် ထိခိုက်မှုအနည်းဆုံးလို့ဆိုနိုင်ပါတယ်။

လူနေအဆောက်အအုံပျက်စီးမှုကတော့ တစ်စိတ်တစ်ပိုင်းပျက်စီးမှုအဆောက်အအုံ ၆၃၉၁ လုံး၊ လုံးဝပျက်စီးမှု ၁၁၂၈ လုံးနှင့် တဲအိမ် ၁၁၂၈ လုံး ပျက်စီးသွားခဲ့ပါတယ်။ ဌာနဆိုင်ရာ ရုံးအဆောက်အအုံ ၂၉ လုံး ပျက်စီးခဲ့ပါတယ်။ ကျောင်းအနေနဲ့ကတော့ မူလတန်း၊ အလယ်တန်း ၂၄ ကျောင်း၊ အထက်တန်း ၁၅ ကျောင်းပျက်စီးပြီးတော့ ကျေးလက်ကျန်းမာရေးဌာနခွဲနှစ်ခု၊ ဆေးရုံ၊ ဆေးခန်းကိုးခု ပျက်စီးခဲ့ပါတယ်။ လူနေအဆောက်အအုံနေအိမ်တွေ၊ ရုံးအဆောက်အအုံတွေ၊ ကျောင်းတွေ၊ ဆေးရုံဆေးပေးခန်းတွေ ဒီလောက်ပျက်စီးသွားခဲ့တာ ပျက်စီးမှုပမာဏ များပြားတယ်ဆိုတာ သိသာပါတယ်။

မြေပုံမြို့နယ်မှာ ဘာသာရေးအဆောက်အအုံပျက်စီးမှုအနေနဲ့ကတော့ စေတီတစ်ဆူ၊ ဘုန်းတော်ကြီးကျောင်း ၅၈ ကျောင်း၊ ဗလီတစ်လုံး၊ သာသနိကအဆောက်အအုံ ၄၃ ခု ပျက်စီးသွားခဲ့ပါတယ်။ ဒါ့ပြင် ဓာတ်တိုင်ပေါင်းအခု ၄၀၊

စာမျက်နှာ ၂၇ သို့

# အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

**အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင် သင်တန်း ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၆-၁၂-၂၀၂၃ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၃၀-၄-၂၀၂၄ရက်နေ့(နောက်ဆုံး)နောက်ဆုံးထား၍လည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၅-၂-၂၀၂၄ ရက်နေ့မှ စတင်လက်ခံရာ ၁၇-၅-၂၀၂၄ ရက်နေ့(နောက်ဆုံး) နောက်ဆုံးထား၍လည်းကောင်း သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**



**ရခိုင်ပြည်နယ် မြေပုံမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ လေဘေးသင့်ပြည်သူများအား ဆေးကုသပေးစဉ်။**

**စာမျက်နှာ ၂၆ မှအဆက်**

လမ်းနှစ်လမ်း၊ တံတားလေးစင်းလည်း ပျက်စီးသွားခဲ့ပါတယ်။

မြေပုံမြို့နယ်မှာ လယ်ယာနဲ့သားငါး ပျက်စီးမှုအနေအထားကတော့ သီးနှံ ဥယျာဉ်ခြံမြေ ၃၆ ဧက၊ ပုစွန်ကန် ၂၃၅၈ ဧကရှိပါတယ်။ ပျက်စီးမှုတန်ဖိုးငွေကျပ် သန်းပေါင်း ၁၂၇၇ ဒသမ ၆၇၇ သန်းဖြစ်ပါတယ်။ အဓိကကတော့ ရေငန်တားတမံတွေ ကျိုးပေါက်သွားခဲ့တာကြောင့် ပုစွန်ကန်များစွာ ပျက်စီးဆုံးရှုံးသွားခဲ့ရပါတယ်။ ငါးမန်းရဲကျွန်းတာ အပိုင်း(၁)နဲ့ အပိုင်း(၂) တာရေကျော်တိုက်စားခြင်း၊ တာကျိုးပေါက်ခြင်းတို့ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။

## ပြန်လည်ထူထောင်ရေး

မုန်တိုင်းပြီးသွားပြီဆိုတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ စတင်လုပ်ကြရပါတယ်။ ဒီပြန်လည်ထူထောင်ရေးလုပ်ငန်းကို ထိထိရောက်ရောက်လျင်လျင်မြန်မြန် ပြီးမြောက်အောင်မြင်စေဖို့ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အပါအဝင် မုန်တိုင်းဒဏ်ခံရတဲ့ မြို့နယ်တွေမှာ တပ်မတော်သား အရာရှိကြီးတွေကို တစ်မြို့နယ်တစ်ယောက်နှုန်း ခန့်အပ်တာဝန်ပေးခဲ့ပါတယ်။ သူတို့ကိုလည်း ဗိုလ်ချုပ်ကြီးတင်အောင်စန်းနဲ့ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့က စစ်တွေမြို့ကနေ အနီးကပ်ကြီးကြပ်ကွပ်ကဲဆောင်ရွက်တာတွေ့ရပါတယ်။ ဒါကလည်း လုပ်ငန်းတစ်ခုပြီးမြောက်အောင်မြင်စေဖို့ အကောင်းဆုံး စီမံကွပ်ကဲဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။

မြေပုံမြို့နယ်ရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ထိရောက်စွာလုပ်ကိုင်နိုင်ဖို့ ရောက်ရှိလာသူကတော့ ဗိုလ်မှူးချုပ်ကျော်ကျော်စိုးပဲဖြစ်ပါတယ်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုးဟာ မေလ ၁၉ ရက်ကစပြီး မုန်တိုင်းဒဏ်ခံရတဲ့ မြေပုံမြို့နယ်ကို ရောက်ရှိခဲ့ပြီး အဆောက်အအုံအပျက်အစီးစာရင်းများ ကောက်ယူဖို့၊ လူနဲ့ တိရစ္ဆာန်သေကျေပျက်စီးမှု၊ လယ်ယာနဲ့ တာတမံတွေ ပျက်စီးမှုစာရင်းကောက်ယူဖို့ မြို့နယ်တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းများကဖော်ပြထားပါတယ်။

မေလ ၂၂ ရက်နေ့မှာတော့ မြေပုံမြို့ပေါ်ရှိ လေဘေးခိုလှုံရာစခန်းတွေ၊ ဘုန်းတော်ကြီးကျောင်းတွေကို သွားရောက်ပြီးတော့ အားပေးစကားပြောကြားတာတွေ၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ခေါက်ဆွဲခြောက် အစရှိတဲ့ရိက္ခာခြောက် လှူဒါန်းတာတွေလုပ်ခဲ့ပြီး ကျောင်းတွေ အမြန်ဆုံးဖွင့်လှစ်နိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တာဝန်ရှိသူတွေကို မှာကြားခဲ့တယ်လို့ ဆိုပါတယ်။ မေလ ၂၃ ရက်နေ့မှာတော့ မြေပုံမြို့ပေါ်မှာပဲ ကျောင်းများအမြန်ဖွင့်နိုင်ရေး ကျောင်းပတ်ဝန်းကျင်တွေမှာ သန့်ရှင်းရေးဆောင်ရွက်နေတဲ့ နယ်မြေခံတပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ မြို့နေပြည်သူတွေနဲ့တွေ့ဆုံပြီး ကျောင်းများအမြန်ဆုံးဖွင့်နိုင်ဖို့ တိုက်တွန်းပြောကြားခဲ့ကြောင်းသိရပါတယ်။ အဲ့ဒီနေ့မှာပဲ **မြေပုံမြို့နယ်အတွင်း အထက ၁၈ ကျောင်း၊ အထကခွဲ ၂၀ ကျောင်း၊ အလက ၁၁ ကျောင်း၊ အလကခွဲ ၂၆ ကျောင်း၊ မူလွန် ၂၇ ကျောင်း၊ အမက ၆၂ ကျောင်းနှင့် အမကခွဲ ခြောက်ကျောင်းတို့မှာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပြီဖြစ်ကြောင်းသိရပါတယ်။**

ဗိုလ်မှူးချုပ်ကျော်ကျော်စိုးနဲ့ တာဝန်ရှိသူတွေဟာ မေလ ၂၇ ရက်နေ့မှာတော့ ရခိုင်ပြည်နယ်အစိုးရရဲ့ သဘာဝဘေးပြန်လည်ထူထောင်ရေးကော်မတီနဲ့ အလှူရှင်တွေ ထောက်ပံ့တဲ့ ဆန် ၁၀၄၅ အိတ်၊ ဆီငါးလီတာဘူး ၂၅၇ ဘူး၊ ခေါက်ဆွဲခြောက် ၆၅ ဖာ၊ ဘဲဥအလုံး ၂၂၅၀၊ သွားတိုက်ဆေးဘူး ၂၂၀၀၊ သွားပွတ်တံ ၂၄၀ တို့ကို လေဘေးသင့်ပြည်သူတွေထံ အမြန်ဆုံးရောက်ရှိရေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း၊ မေလ ၂၈ ရက်နေ့မှာလည်း ရခိုင်ပြည်နယ်အစိုးရနဲ့ အလှူရှင်တွေ လှူဒါန်းတဲ့ သွပ်ပြားအချပ်ရေ ၄၀၀၀၊ ခေါင်မိုးသံဖာ ၂၁၀၊ အိမ်ရိုက်သံမျိုးစုံ အထုပ် ၅၀၊ ခေါက်ဆွဲခြောက် ၇၁၇၂ ထုပ်၊ သွားတိုက်ဆေးဘူး ၇၅ ဂရမ်ပါဘူး ၃၀၀၀၊ ၂၅ ဂရမ်ဘူး ၃၀၀၀၊ သွားပွတ်တံ ၁၂၅၀၊ ၂၀ လီတာဆံ့ ရေသန့်ဘူးခွံအလုံး ၅၀၊ တာပေါ်လင် ၅၀ လိပ်၊ အိန္ဒိယထောက်ပံ့ တာပေါ်လင်အလိပ်၃၀၊ မိုးကာစအလိပ် ၄၀၊ မိုးကာခြောက်ထုပ်နဲ့ ဘေထုပ်ခုနစ်ထုပ်တို့ကို လေဘေးသင့်ပြည်သူတွေထံ အမြန်ဆုံးရောက်ရှိအောင် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ မေလ ၃၁ ရက်နေ့မှာတော့ မြေပုံမြို့နယ် မိုခါမုန်တိုင်းသင့်ပြည်သူ ၃၁၅၅၃ ဦးကို စားရေရိက္ခာများနဲ့ အတူ အမိုးအကာအောက် အမြန်ဆုံးရောက်ရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာသနိကအဆောက်အအုံများ ဦးစားပေး ပြုပြင်ဆောင်ရွက်ပေးရေး မှာကြားခဲ့ကြောင်း သတင်းမှတ်တမ်းများအရ သိရပါတယ်။

ဗိုလ်မှူးချုပ်ကျော်ကျော်စိုးနဲ့ တာဝန်ရှိသူတွေဟာ ဇွန်လ ၁ ရက်နေ့မှာ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုရာ **မြို့နယ်ပညာရေးမှူးရဲ့ ပြောပြချက်အရ မြေပုံမြို့နယ် တစ်မြို့နယ်လုံး အထက်တန်းကျောင်းသား၊ ကျောင်းသူ ၂၀၇၃ ဦး၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူ ၆၅၁၈ ဦး၊ မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၆၁၃၄ ဦး စတင်ပညာသင်ကြားနေပြီဖြစ်ကြောင်း သိရပါတယ်။**



**ရခိုင်ပြည်နယ် အထက(မြေပုံ)၌ ကျောင်းအပ်လက်ခံရေး ဆောင်ရွက်ပေးစဉ်။**

နောက်ပိုင်းရက်များမှာလည်း ဗိုလ်မှူးချုပ်ကျော်ကျော်စိုးနဲ့ မြို့နယ်တာဝန်ရှိသူတွေဟာ ရခိုင်ပြည်နယ်အစိုးရနဲ့အလှူရှင်တွေပေးပို့လာတဲ့ ဆန်အိတ်အပါအဝင် စားရေရိက္ခာခြောက်တွေ၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းတွေကို မုန်တိုင်းသင့်ပြည်သူတွေထံ အမြန်ဆုံးရောက်ရှိရေး၊ ဆေးရုံဆေးခန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။

**ပြန်လည်ထူထောင်ရေးရဲ့ အဓိကအရေးအကြီးဆုံးတစ်ချက်ကတော့ မြို့ရွာများ အမြန်ဆုံး လျှပ်စစ်မီးပြန်လည်ရရှိရေးပါ။ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနရဲ့ ကျွမ်းကျင်အားထုတ်မှုကြောင့် မြေပုံမြို့နယ်မှာ ၂၀၂၃ ခုနှစ် ဇွန်လ ၂၃ ရက်နေ့ကစပြီး မြို့ပေါ်ရပ်ကွက်ကိုးခုနဲ့ ကျေးရွာငါးရွာတို့ကို လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။**

ဒါ့အပြင် အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ ပုစွန်ကန်များလည်း ပြန်လည်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ မြေပုံမြို့နယ်အတွင်းက ပေ ၁၆၅၀၀ ရှိ ငမန်းရဲကျွန်းတာ အပိုင်း(၁)နဲ့ ပေ ၆၀၀၀ ခန့်ရှိ ငမန်းရဲကျွန်းတာအပိုင်း(၂)တို့ကို သက်ဆိုင်ရာ ဦးစီးဌာနက ဘက်ဟိုးတွေနဲ့ မေလ ၂၀ ရက် မှ ဇွန်လ ၂ ရက်အတွင်း လုပ်ငန်းအားလုံးပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။

## ရှေးဟောင်းမြို့

တကယ်တော့ မြေပုံမြို့ဟာ ဘိုးတော်ဗဒိုမင်းလက်ထက်က ဝတီလေးရပ်အုပ်ချုပ်ရေးနယ် ညဝတီစီရင်စုနယ်မြေမှာပါဝင်တဲ့ ရှေးဟောင်းမြို့ဖြစ်ကြောင်း သိရပါတယ်။ မြေပုံမြို့နယ်ကို အရှေ့ဘက်မှာ အမ်းမြို့နယ်၊ အနောက်ဘက်မှာ ပေါက်တောမြို့နယ်၊ တောင်ဘက်မှာ ကျောက်ဖြူမြို့နယ်နဲ့ မြောက်ဘက်မှာ မင်းပြားမြို့နယ်တို့နဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။ လူဦးရေအနေနဲ့ ၁၃၇၆၅၁ ဦးရှိပြီး ရခိုင်တိုင်းရင်းသားအများစုနေထိုင်ကြကြောင်းသိရပါတယ်။ မြေပုံမြို့နယ်မှာ တောင်ကုန်းတောင်တန်း၊ မြစ်၊ ချောင်းများပေါများပြီး ကျွန်းကြီး ၄၄ ကျွန်း၊ ကျွန်းငယ် ၇၆ ကျွန်းရှိကြောင်း၊ မြစ်ချောင်းများလည်း ပေါများကြောင်း၊ မြစ်ချောင်းများမှာ ရေငန်များဖြစ်လို့ စိုက်ပျိုးရေးလုပ်ကိုင်ဖို့ ရေချိုရရှိမှုနည်းကြောင်းသိရပါတယ်။

**ဘာပဲဖြစ်ဖြစ် မြစ်တွေ၊ ချောင်းတွေ၊ ကျွန်းကြီးကျွန်းငယ်တွေရှိနေတာကြောင့် ပထဝီအနေအထားအရ သာယာလှပတဲ့ မြို့နယ်တစ်ခုဖြစ်တယ်ဆိုတာ အထင်အရှားပါပဲ။ နေချင်စဖွယ်၊ သာယာနာပျော်ဖွယ်ကောင်းတဲ့ မြို့နယ်လေးတစ်ခုဆိုရင်လည်း မမှားပါဘူး။ ဒီလို မြစ်ချောင်းအင်းအိုင်တွေ၊ ကမ်းခြေတွေ၊ ကျွန်းတွေနဲ့ လှပနေတဲ့ မြေပုံမြို့နယ်လေးကို ထာဝရလှပစေချင်ပါတယ်။**

ဒီကနေ့ နိုင်ငံတော်အစိုးရနဲ့ မြန်မာပြည်သူတစ်ရပ်လုံးက မြေပုံမြို့နယ်အပါအဝင် ရခိုင်ပြည်နယ်အတွင်းမှာရှိကြတဲ့ မြို့နယ်တွေအားလုံး ဖွံ့ဖြိုးတိုးတက်စေချင်တယ်၊ တည်ငြိမ်စေချင်တယ်၊ အေးချမ်းစေချင်တယ်။ လုပ်စီးပွားကိုင်စီးပွားတွေ တိုးစေချင်တယ်ဆိုတာ မိုခါကသက်သေပဲ။ မုန်တိုင်းကျရောက်တော့မယ်ဆိုတာသိတာနဲ့ မိဘကသားသမီးတွေအပေါ် စိတ်ပူသလိုပဲ နိုင်ငံတော်အကြီးအကဲတွေ ကိုယ်တိုင်စစ်တွေမြို့ကို အမြန်ဆုံးသွားရောက်တယ်။ စီမံကွပ်ကဲတယ်။ လိုအပ်တဲ့ အထောက်အပံ့တွေ အချိန်မီရအောင် လုပ်ပေးတယ်။ အခြားပြည်နယ်နဲ့တိုင်းဒေသကြီးတွေနဲ့တစ်မြေးညီ ကျောင်းတွေအချိန်မီဖွင့်နိုင်အောင် ဆောင်ရွက်ပေးတယ်။

အမိုးအကာအောက် အမြန်ဆုံးအေးအေးချမ်းချမ်းသာသာယာယာ နေနိုင်အောင်ဆောင်ရွက်ပေးတယ်။ ဒါတွေအားလုံးဟာ စိတ်ကောင်းစေတနာမပါဘဲ လုပ်နိုင်မှာ မဟုတ်ပါဘူး။ တကယ့်ကိုပဲ ကောင်းမွန်တဲ့ စေတနာ၊ ချစ်ခင်တဲ့စိတ်ဓာတ် အပြည့်အဝနဲ့ကူညီဆောင်ရွက်ပေးခဲ့တယ်ဆိုတာ မိုခါမုန်တိုင်းကူညီကယ်ဆယ်ရေးလုပ်ငန်းတွေက သက်သေပြနေတယ်ဆိုတာ အသေအချာပါပဲခင်ဗျား။ ။

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ အာဆင်နယ်အသင်း၊ ပီအက်စ်ဂျီအသင်း၊ ဆဲလ်တာဗီဂိုအသင်းတို့ကို အားပေးရမှာပါ

ML




တနင်္ဂနွေနေ့ညကစားမဲ့ပွဲစဉ်တွေမှာ အသင်းကြီးတွေ့ဆုံမှုနဲ့ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိတဲ့ ပွဲစဉ်တွေကို ကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ ကြားရက်မှာ နိုင်ငံတကာပြိုင်ပွဲတွေ ကစားခဲ့ရတာကြောင့် အဲဒီပွဲစဉ်တွေမှာ ပါဝင်ခဲ့တဲ့ကစားသမားတွေအနေနဲ့ ပွဲပန်းမှုဒဏ်ရာကိုခံစားရမှာဖြစ်လို့ တနင်္ဂနွေနေ့ညပွဲမှာကစားမဲ့ပွဲစဉ်တွေက နိုင်ငံကိုယ်စားပြုကစားသမားများတဲ့အသင်းတွေကိုတော့ သတိထားရွေးချယ်ရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ညကစားမဲ့ပွဲစဉ်တွေထဲက ကစားသမားစုဖွဲ့မှုနဲ့ အဓိက ကစားသမားအစုံအလင်ပါဝင်နိုင်မဲ့အသင်းတွေကို အားပေးရမှာဖြစ်ပါတယ်။

### အာဆင်နယ်အသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ အကြိုက်တွေ့မိတာကတော့ မန်စီးတီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိ မန်စီးတီးအသင်းဟာ ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းခဲ့တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်ထိရောက်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်နဲ့တွေ့ဆုံနေသလို အက်ဖ်အေဖလားပြိုင်ပွဲမှာလဲ ဆီမီးဖိုင်နယ်မှာ ချဲလ်ဆီးအသင်းနဲ့ တွေ့ဆုံနေတာကိုတွေ့ရမှာပါ။ အမှတ်ပေးပွဲမှာတော့ ၂၈ ပွဲ အပြီးမှာ ရမှတ် ၆၃ မှတ်ရခဲ့တာကြောင့် အဆင့်(၁)က အာဆင်နယ်နဲ့ တစ်မှတ်ကွာဟနေလို့ ချန်ပီယံဆုကာကွယ်နိုင်ဖို့ အခွင့်အရေးများနေတာလဲဖြစ်ပါတယ်။ နည်းပြဂွါဒီယိုလာကတော့ အသင်းရဲ့ကစားသမားတွေပေါ်မူတည်ပြီး နည်းစနစ်ပိုင်းပြောင်းလဲကစားနေပေမဲ့ ရလဒ်ပိုင်းကျဆင်းသွားခြင်းမရှိဘဲ ၂၀၂၄ ခုနှစ်အတွင်း ပြိုင်ပွဲစုံမှာ ရှုံးပွဲမရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ နိုင်ငံတကာပြိုင်ပွဲကာလအတွင်းမှာ အသင်းက ခံစစ်ကစားသမား ဝေါ်လ်ကာ၊ ဂွန်စတုန်းတို့ ဒဏ်ရာကြုံတွေ့ခဲ့တာကြောင့် အခုပွဲစဉ်မှာ အဲဒီကစားသမားတွေမပါနိုင်ရင် ခံစစ်ပိုင်းအားနည်းသွားနိုင်ပါတယ်။ ဒါ့ပြင် ဒဏ်ရာရနေတဲ့ ဒီဘရိုင်း၊ အီဒါဆန်၊ ဝေါ်လ်ကာ၊ ဂွန်စတုန်းတို့အနေနဲ့ အာဆင်နယ်နဲ့ပွဲမှာပါဝင်ဖို့မသေချာခဲ့ရင်တော့ ချန်ပီယံအဆုံးအဖြတ်ခံယူရမဲ့ပွဲမှာ မန်စီးတီးရလဒ်ကောင်းဖို့ရုန်းကန်ရမှာပါ။

အာဆင်နယ်အသင်းဟာ အခုရာသီအတွင်း အသင်းကြီးတွေနဲ့ထိပ်တိုက်တွေ့ဆုံမှုမှာ ရလဒ်ကောင်းရှာနိုင်ခဲ့ပေမဲ့ ဖူလ်ဟမ်၊ ဝက်စ်ဟမ်းတို့လို လန်ဒန်မြို့ခံပြိုင်ဘက်တွေနဲ့တွေ့ချိန်မှာ ရှုံးပွဲကြုံခဲ့တာကြောင့် အမှတ်ပေးဇယားကိုပြတ်သားစွာဦးဆောင်ဖို့ အခွင့်အရေးဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြအာတီတာဟာ နောက်ပိုင်းအသင်းငယ်တွေနဲ့တွေ့ချိန်မှာ တိုက်စစ်အသားပေးကစားခဲ့လို့ ပဲလေ့စ်၊ ဝက်စ်ဟမ်း၊ နယူးကာဆယ်၊ ဘန်လေ၊ ရှက်ဖီး(U)တို့လိုအသင်းတွေကို ဂိုးပြတ်အနိုင်ရခဲ့တာကိုသတိပြုရမှာပါ။ အာဆင်နယ်အသင်းဟာ အခုရာသီပြည်တွင်းဖလားပွဲစဉ်တွေက အစောဆုံးထွက်ခဲ့ရပေမဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကွာတားအဆင့်ထိရောက်ခဲ့ပြီး အေတီကိုနဲ့တွေ့ဆုံနေသလို အမှတ်ပေးပြိုင်ပွဲမှာလဲ အမှတ်ပေးဇယားထိပ်မှာ ဆုဖလားရဖို့အခွင့်အရေးရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပထမအကျော့အိမ်ကွင်းမှာ မန်စီးတီးအသင်းကို မာတင်နယ်လီရဲ့နောက်ကျသွင်းဂိုးနဲ့ နိုင်ပွဲရယူနိုင်ခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ အာတီတာအနေနဲ့ မန်စီးတီးရဲ့အားနည်းချက်ကိုရှာပြီး အနည်းဆုံးရမှတ်ခွဲယူဖို့ ပြင်ဆင်လာမှာသေချာပါတယ်။ အခုပွဲမှာ ခံစစ်ကစားသမား တင်ဘာကလွဲရင် ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်လို့ အဓိက ကစားသမားတွေ ဒဏ်ရာရနေတဲ့မန်စီးတီးအသင်း အခက်တွေ့နိုင်သလို အာဆင်နယ်ခံစစ်အနေနဲ့ ဟာလန်းကိုပွဲချိန်ပြည့်ထိန်းချုပ်နိုင်မယ်ဆိုရင်တော့ ရလဒ်ကောင်းသွားနိုင်တာကြောင့် အာဆင်နယ်အသင်းကိုအားပေးရမှာပါ။

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လူတန် | ၂ | - | ၆ | မန်စီးတီး |
| မန်စီးတီး | ၃ | - | ၁ | မန်ယူ |
| မန်စီးတီး | ၃ | - | ၁ | ကိုပင်ဟေဂင် |
| လီဗာပူး | ၁ | - | ၁ | မန်စီးတီး |
| မန်စီးတီး | ၂ | - | ၀ | နယူးကာဆယ် |

**အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပေါ်တို | ၁ | - | ၀ | အာဆင်နယ် |
| အာဆင်နယ် | ၄ | - | ၁ | နယူးကာဆယ် |
| ရှက်ဖီး(U) | ၀ | - | ၆ | အာဆင်နယ် |
| အာဆင်နယ် | ၂ | - | ၁ | ဘရန့်ဖို့ဒ် |
| အာဆင်နယ် | ၁ | - | ၀ | ပေါ်တို |

### ပီအက်စ်ဂျီအသင်းနဲ့လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့လီဂူးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မာဆေးအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။မာဆေးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်းမှာ ရင်းနက်အသင်းကို နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့တာကြောင့် အဆင့်(၇)ထိရောက်ရှိခဲ့ပြီး ဥရောပဝင်ခွင့်ရဖို့ခက်ခဲခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြသစ်လက်ထက်မှာ တိုက်စစ်ကစားပုံတိုးတက်လာခဲ့သလို တိုက်စစ်မှူး အူဘာမီယန်းကလဲ အိမ်ကွင်းပွဲစဉ်တွေ ပုံမှန်ဂိုးသွင်းခြေစွမ်းရှိနေတာဖြစ်ပါတယ်။ ဒါ့ပြင် အခုရာသီအမှတ်ပေးပွဲမှာ အိမ်ကွင်းရှုံးပွဲမရှိခဲ့ဘဲ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်း ၁၉ ပွဲဆက်ထိ ရလဒ်ကောင်းခဲ့တာကိုသတိပြုရမှာပါ။ နည်းပြသစ်လက်ထက်မှာ မာဆေးအသင်းက ခုနစ်ပွဲကစားခဲ့ရာမှာ ငါးပွဲအနိုင်ရခဲ့ပြီး နှစ်ပွဲရှုံးခဲ့တာကြောင့် ရလဒ်ပိုင်းတိုးတက်လာတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ အခုပွဲမှာ အမှတ်ပေးဇယားဦးဆောင်သူ ပီအက်စ်ဂျီနဲ့တွေ့ဆုံနေတာကြောင့် ပွဲချိန်ပြည့်ထိန်းချုပ်ဖို့အခက်တွေ့မှာပါ။ ခံစစ်ပိုင်းကလဲ မီတီ၊ မူရီလို၊ ဂျီဂေါ့တို့လို အဓိက ကစားသမားတွေ ဒဏ်ရာကြောင့်ပါဝင်နိုင်မှာမဟုတ်လို့ အမ်ဘက်ပီ၊ မူအာနီ၊ ရာမို့စ်တို့တိုက်စစ်အတွဲကို ဂိုးပေးရဖို့များပါတယ်။

ပီအက်စ်ဂျီအသင်းဟာ အမှတ်ပေးပွဲ ၂၆ ပွဲအပြီးမှာ ရမှတ် ၅၉ မှတ်ထိရရှိခဲ့တာကြောင့် ဒုတိယနေရာက ဘရက်စ်အသင်းကို ရမှတ် ၁၂ မှတ်ထိဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ လီဂူးပြိုင်ပွဲမှာ ပြိုင်ဘက်မရှိသေးတာကြောင့် အခုရာသီမှာလဲ ချန်ပီယံဆုရဖို့ သေချာနေတာကိုတွေ့ရမှာပါ။ ပီအက်စ်ဂျီအသင်းဟာ နည်းပြအန်းနရစ်လက်ထက်မှာ ခံစစ်ပိုင်းအားနည်းချက်ရှိနေပေမဲ့ တိုက်စစ်ပိုင်းထက်မြက်လာတာကြောင့် ၂၆ ပွဲအပြီးမှာ သွင်းဂိုး ၆၂ ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် အမှတ်ပေးပွဲ အဝေးကွင်း ၁၃ ပွဲမှာ ကိုးပွဲနိုင်၊ လေးပွဲသရေရခဲ့တာကြောင့် အဝေးကွင်းအကောင်းဆုံးအသင်းအဖြစ်ရပ်တည်နေပြီး တိုက်စစ်မှူး အမ်ဘက်ပီက အသင်းအတွက် သွင်းဂိုး ၂၄ ဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲဟာ လီဂူးဝမ်းရဲ့ အိမ်ကွင်းအကောင်းဆုံးအသင်းနဲ့ အဝေးကွင်းအကောင်းဆုံးအသင်းတို့တွေ့နေပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းမှာ ပီအက်စ်ဂျီကသာနေတာကြောင့် မာဆေးအိမ်ကွင်းဖြစ်ပေမဲ့ ခံစစ်ပိုင်းမပြင်နိုင်ရင်တော့ ပေးဂိုးများသွားမှာသေချာပါတယ်။ ဒါကြောင့် တွေ့ဆုံမှုအစဉ်အလာနဲ့ တိုက်စစ်ကစားပုံပိုကောင်းနေတဲ့ ပီအက်စ်ဂျီအသင်းနဲ့လက်တွဲရမှာပါ။

**မာဆေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကလဲယားမောက် | ၁ | - | ၅ | မာဆေး |
| မာဆေး | ၄ | - | ၀ | ဗီလာရီးရဲလ် |
| မာဆေး | ၂ | - | ၀ | နန့်တက် |
| ဗီလာရီးရဲလ် | ၃ | - | ၁ | မာဆေး |
| ရင်းနက် | ၂ | - | ၀ | မာဆေး |

**ပီအက်စ်ဂျီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မိုနာကို | ၀ | - | ၀ | ပီအက်စ်ဂျီ |
| ဆိုစီဒက် | ၁ | - | ၂ | ပီအက်စ်ဂျီ |
| ပီအက်စ်ဂျီ | ၂ | - | ၂ | ရိမ်း |
| ပီအက်စ်ဂျီ | ၃ | - | ၁ | နိုက် |
| မောင့်ပယ်လီယာ | ၂ | - | ၆ | ပီအက်စ်ဂျီ |

### ဆဲလ်တာဗီဂိုအသင်း ရလဒ်ကောင်းမှာပါ

စပိန်လာလီဂါပြိုင်ပွဲမှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆဲလ်တာဗီဂိုအသင်းနဲ့ ဗယ်လ်ကာနိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းပထမအကျော့တွေ့ဆုံမှုမှာ တိုက်စစ်မှူးတွေ အပိုင်အခွင့်အရေးတွေ အသုံးမချနိုင်ခဲ့တာကြောင့် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ ဆဲလ်တာဗီဂိုဟာ နည်းပြဘင်နီတက်ဇ်လက်ထက်မှာ ၂၉ ပွဲကစားအပြီး ရမှတ် ၂၇ မှတ်ပဲရရှိခဲ့တာကြောင့် တန်းဆင်းဇုန်ဖိအားအောက်ကျရောက်နေဆဲဖြစ်ပါတယ်။ လက်ရှိမှာ အဆင့်(၁၈) က ကာဒီဇက်အသင်းနဲ့ ရမှတ်ငါးမှတ်ပဲကွာဟနေတာကြောင့် လာမဲ့ပွဲစဉ်တွေကို ရှုံးပွဲကြုံခဲ့ရင် တန်းဆင်းရဖို့များသွားနိုင်ပါတယ်။ လက်ရှိ တိုက်စစ်ပိုင်းမှာ အက်စ်ပက်၊ လာဆင်နဲ့ ဘမ်ဘာတို့ကဦးဆောင်နေပြီး ခြေစွမ်းပြသနေတာကြောင့် အခုပွဲစဉ်မှာလဲ ဒီတိုက်စစ်အတွဲနဲ့ ပွဲထက်လာမယ်ဆိုရင် ဗယ်လ်ကာနိုလိုအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။

ဗယ်လ်ကာနိုအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘက်တစ်ကိုအနိုင်ရခဲ့တာကြောင့် ရမှတ် ၂၉ မှတ်နဲ့ အဆင့်(၁၅) ထိ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာတော့ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ တစ်ပွဲနိုင်နဲ့ ရလဒ်ကောင်းဖို့ရုန်းကန်ခဲ့ရတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် လက်ရှိအချိန်ထိ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘဲ ၂၀၂၄ ခုနှစ်အတွင်း ကစားခဲ့တဲ့ပွဲစဉ်တွေမှာလဲ နှစ်ပွဲပဲအနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းငါးပွဲဆက်မှာလဲ နိုင်ပွဲမရခဲ့ဘဲ ပွဲတိုင်းပေးဂိုးရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးပွဲ ၂၉ ပွဲမှာ တိုက်စစ်ပိုင်းကို ဂါစီယာက သွင်းဂိုးခြောက်ဂိုးသာသွင်းယူပြီး ဦးဆောင်နိုင်ခဲ့တာဖြစ်လို့ သူတို့အသင်းရဲ့တိုက်စစ်ကလဲ ပုံမှန်ဂိုးသွင်းခြေစွမ်းမရှိဘူးဆိုတာကိုတွေ့ရမှာပါ။ ဒါကြောင့် တန်းဆင်းဇုန်က ရုန်းထွက်ဖို့ကြိုးစားလာမဲ့ အိမ်ရှင်ဆဲလ်တာဗီဂိုအသင်းရလဒ်ကောင်းမှာပါ။

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၁ | - | ၂ | ဘာစီလိုနာ |
| ကာဒီဇက် | ၂ | - | ၂ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၀ | အယ်မာရီယာ |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၀ | ဆဲလ်တာဗီဂို |
| ဆီဗီလာ | ၁ | - | ၂ | ဆဲလ်တာဗီဂို |

**ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | ၁ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ဂျီရိုနာ | ၃ | - | ၀ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၁ | - | ၁ | ကာဒီဇက် |
| အလာဗက် | ၁ | - | ၀ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၂ | - | ၀ | ဘက်တစ် |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၉-၃-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၅၃၂။ | ဗိုလ်ချုပ်စိုးတင့်(ငြိမ်း)နှင့်ဇနီး ဒေါ်မြတ်သီတာအေး၊ (သား)ကိုသီဟစိုး၊ (သမီး)မရွှေရည်စိုးမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၅၃၃။ | ကွယ်လွန်သူဦးပန်းအောင်အားရည်စူး၍ ဇနီး ဒေါ်ညွန့်ညွန့်လွင်၊ (သား)ဒေါက်တာထွဋ်မောင်မောင်၊ (သမီး)ဒေါ်အိအိပန်းအောင်၊ (မြေး)မပန်းအင်ကြင်း၊ မပန်းဖြူငွေမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၅၃၄။ | ဘဘ ဦးခင်မောင်ညွန့်၊ ဖခင်ကြီး ဦးထွန်းလှိုင်၊ မိခင်ကြီး ဒေါ်မုန်း၊ ဦးထွန်းလင်းနှင့်ဇနီး ဒေါ်ခင်အေးလှိုင် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၅၃၅။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်လှိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၅၃၆။ | မောင်သုတက် မွေးနေ့အလှူကောင်းမှု | ၃၀၀၀၀၀ |
| ၈၅၃၇။ | ဦးစိုးသန်းမိသားစုကောင်းမှု | ၂၄၀၀၀၀ |
| ၈၅၃၈။ | ဦးဟန်မောင်နှင့်ဇနီး ဒေါ်ခင်ဖြူငြိမ်း မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၅၃၉။ | ကိုမောင်ဦးနှင့်ဇနီး မမီးငယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၀။ | ဦးချမ်းငြိမ်းဟန်နှင့်ဇနီး ဒေါ်သင်းမချူအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၁။ | ကွယ်လွန်သူဦးမျိုးမြင့်နှင့် ဒေါ်ခင်မအုန်းတို့အားရည်စူး၍ ဦးစည်သူအောင်နှင့်ဇနီး ဒေါ်မိုးဥမ္မာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၂။ | ကွယ်လွန်သူဦးရွှေအေးနှင့်ဇနီး ဒေါ်အုန်းကြည်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၃။ | ဒုတိယရဲမှူးလှိုင်ဝင်းအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၄။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်ခင်စန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၅။ | ဦးစိန်သောင်းနှင့်ဇနီး ဒေါ်အေးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၆။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးတင်မျိုးဝင်းနှင့်ဇနီး ဒေါ်လှလှပို၊ (သား)မောင်ပိုင်စိုးဦး၊ မောင်ဟန်ထယ်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၇။ | ဦးမင်းပြည့်ဖြိုးနှင့်ဇနီး ဒေါ်ယဉ်ပြည့်ဖြိုး၊ (သမီး)မမြတ်သဒ္ဒါမွန်၊ မဆုလာဘ်ဇွေလှိုင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၈။ | ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့်ဇနီး ဒေါက်တာဒေါ်နွယ်နီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၄၉။ | ဗိုလ်မှူးကြီးနေလင်းစိုးနှင့်ဇနီး ဒေါ်သီတာဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၀။ | ဦးဝေဇင်ထွန်းနှင့်ဇနီး ဒေါ်မီမီစိုး၊ (သမီး)မပိုင်မီမီဝေ၊ မတင့်နှဒီထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၁။ | ကွယ်လွန်သူဇနီး ဒေါ်ထွေးယဉ်အားရည်စူး၍ တပ်ကြပ်ကြီးညွန့်မြင့်(ငြိမ်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၂။ | ဦးလှိုင်ဝင်းနှင့်ဇနီး ဒေါ်တင်တင်ကြိုင်၊ (သား)မောင်အောင်တေဇာမင်း၊ မောင်သက်ကျော်ဇင်အောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၃။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ဖြူဖြူခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၄။ | ကွယ်လွန်သူဦးဇော်ဝင်းအားရည်စူး၍ ဒေါ်ခင်စန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၅။ | ဦးကျော်နိုင်ထွန်းနှင့်ဇနီး ဒေါ်ဝင်းမင်းနိုင်၊ (သား)မောင်ဖြိုးသီဟကျော်၊ (သမီး)မခင်ချောချောဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၆။ | ဒေါ်မိငယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၇။ | ဦးခင်မောင်ကြိုင်နှင့်ဇနီး ဒေါ်မြင့်မြင့်အေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၈။ | ဦးဝင်းဖေနှင့်ဇနီး ဒေါ်ခင်ဌေးမြင့်၊ (သမီး)မအေးအေးမော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၅၅၉။ | ဦးပြည့်ဖြိုးပိုင်နှင့်ဇနီး ဒေါ်မူမူဝင်းမိသားစုကောင်းမှု | ၇၅၀၀၀ |
| ၈၅၆၀။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုရဲလင်းမောင်နှင့်ဇနီး မဟေမာကျော်၊ (သမီး)မအိဖူးဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၁။ | ဗိုလ်မှူးသိန်းထွန်း(ငြိမ်း)မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၂။ | ဒေါ်မူယာလတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၃။ | ဦးခင်အောင်နှင့်ဇနီး ဒေါ်ရွှင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၄။ | ဒေါ်နော်ခင်သီစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၅။ | ဒေါ်မြင့်မြင့်စန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၆။ | ဦးတင်ငွေနှင့်ဇနီး ဒေါ်ရင်ရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၇။ | ဦးဝင်းရွှေနှင့်ဇနီး ဒေါ်တင်တင်စန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၈။ | ဒေါ်အေးအေးစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၆၉။ | ဒေါ်နုနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၀။ | ကိုနေဇော်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၁။ | ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၂။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်နွယ်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၃။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးမောင်မောင်လွင်နှင့်ဇနီး ဒေါ်အေးအေးမော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၄။ | ဒေါ်ခင်ဦး၊ (သား)ဗိုလ်ကြီးသူရိန်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၅။ | ဒေါ်ကျင်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၆။ | ဦးကျော်သီဟအောင်နှင့်ဇနီး ဒေါ်ဆွေဆွေလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၇။ | ဒေါ်ရင်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၈။ | ဦးဆန်းလွင်နှင့်ဇနီး ဒေါ်ရီရီလှ၊ ဗိုလ်ကြီးဉာဏ်ဟိန်းနှင့်ဇနီး ဒေါ်မိုးပွင့်ဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၇၉။ | ဒေါ်သင်းငွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၀။ | ကွယ်လွန်သူဦးအေးသန်းနှင့် မောင်ညွန့်ဦးသန်းတို့အား ရည်စူး၍ ဒေါ်ညွန့်စိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၁။ | ဦးမင်းသော်တာနှင့်ဇနီး ဒေါ်တင်ဌေးနု၊ (သား)မောင်သူရိန်မျိုးသော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၂။ | ကိုဇေယျာဝင်းနှင့်ဇနီး မဖြူဖြူခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၃။ | ကွယ်လွန်သူဒေါ်ခင်နုအားရည်စူး၍ ဦးလှရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၄။ | ကွယ်လွန်သူဦးအောင်မိုးနှင့် ဦးမင်းသန့်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၅။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်နန်းမြစိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၅၈၆။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ခိုင်နှင်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၀၀၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

❖ လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကို ရှောင်ကြဉ်ကာ သဘောထားကြီးမှု၊ ခွင့်လွှတ်နိုင်မှု၊ညီညွတ်မျှတမှု၊ စိတ်စေတနာကောင်းမှု၊ဉာဏ်ပညာအမြော်အမြင်ကြီးမှုတို့ကို အခြေခံ၍ အမျိုးသားရေးစိတ်ဓာတ်များဖြင့် စည်းလုံးညီညာစွာ ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး U-25 ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်



**နေပြည်တော် မတ် ၂၉**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး **U-25** ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊နည်းပြများနှင့်အားကစားသမားများ၊ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ **စာမျက်နှာ ၁၆ ကော်လံ ၅ ☆**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။**

